# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ တော်သလင်းလဆန်း ၁၄ ရက်၊ ၂၀၀၆ ခုနှစ်၊ စက်တင်ဘာ ၅ ရက်၊ အင်္ဂါနေ့၊ အတွဲ (၄၅)၊ အမှတ် (၃၃၇)

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

## မြတ်စွာဘုရား ဟောကြားတော်မူခဲ့သည့် စကားအရာ အင်္ဂါ(၅)တန်

ဗုဒ္ဓမြတ်စွာဘုရားရှင်သည် လောကီဘုံသား လူအများတို့အား ကောင်းကျိုးချမ်းသာရရှိစေရန် ရည်ရွယ်၍ အင်္ဂုတ္တိုရ်ပါဠိတော် ပဥ္စကနိပါတ်တွင် **"စကားအရာ အင်္ဂါ(၅)တန်"** ရှိကြောင်း ဟောကြားတော်မူခဲ့ပါသည်-

**ကာလ**

ပြောသင့်သောအခါမှ ပြောရာ၏။ အချိန်မတန်လျှင် မပြောဆိုရာ။

**သစ္စာ**

အမှန်ကိုသာ ပြောဆိုရာ၏။ မမှန်မကန် လုပ်ကြံ မပြောဆိုရာ။

**သဏှ**

နူးညံ့ချိုသာသော စကားကိုသာ ပြောဆိုရာ၏။ ခက်ထန်ရင့်သီးသော စကားကို မပြောဆိုရာ။

**အတ္တသံဟိတ**

အကျိုးစီးပွားဖြစ်မည့် စကားကိုသာ ပြောဆိုရာ၏။ အကျိုးယုတ်စေမည့် စကားကို မပြောဆိုရာ။

**မေတ္တာစိတ္တ**

မေတ္တာရှေ့ထား ပြောဆိုရာ၏။ ဒေါသမောင်းတင်၍ မပြောဆိုရာ။

ဤကား **"စကားအရာ အင်္ဂါ(၅)တန်"** တည်း။ ။

**(သာသနာရေး)**

# နိုင်ငံတော်အာဏာကို ဖြတ်လမ်းကရယူလိုသည့် အဖျက်အမှောင့်သမားများ လူငယ်လူရွယ်များကို အယူအဆမှားများသွတ်သွင်းပြီး ဆူပူအုံကြွမှုများဖြစ်အောင် လှုံ့ဆော်ရန့်ရင်းကြမ်းတမ်းသည့်စိတ်နှင့် အကြမ်းဖက်လိုစိတ်များ ဖြစ်ပေါ်အောင် ဖန်တီးနေယင်းလှုံ့ဆော်မှုများကို ဟန့်တားနိုင်ရန် လူငယ်များအသိဉာဏ်စွမ်းအားမြင့်မားအောင် ပျိုးထောင်



**နေပြည်တော် စက်တင်ဘာ ၄**

မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၌ ဖွင့်လှစ်သော အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၂၅) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ရတနာခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အမှာစကားပြောကြားသည်။

**တက်ရောက်**

သင်တန်းဆင်းပွဲအခမ်းအနားသို့နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ ***စာမျက်နှာ ၈ ကော်လံ ၁*** ✡

**မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ပြင်ဦးလွင်မြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၌ ဖွင့်လှစ်သော အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၂၅) သင်တန်းဆင်းပွဲတွင် သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။** (သတင်းစဉ်)

# ဆည်ရေသောက်ရေိယာ ဧက ၁၀၀၀၀ သီးထပ်စိုက်ပျိုးနိုင် ဒေသခံပြည်သူများ သောက်သုံးရေဖူလုံရေးအကျိုးပြုမည့် မာလဲနတ်တောင်ရေလှောင်တမံ သတ်မှတ်ချိန် အပြီးတည်ဆောက်

**နေပြည်တော် စက်တင်ဘာ ၄**

ပြင်ဦးလွင်ခရိုင် မိုးကုတ်မြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့်အတူ စက်တင်ဘာ ၁ ရက် နံနက်ပိုင်းတွင် မန္တလေး-မိုးကုတ်ကားလမ်း မိုင်တိုင်အမှတ်(၁၀၂/၅)ရှိ မိုးကုတ်မြို့နယ် ရေနီတောင်ကျေးရွာ၏ တောင်စောင်းပေါ်တွင် စိုက်ပျိုးထားသည့် ခြံစည်းရိုးကြက်ဆူပင် နှစ်ဧက၊ အပင် ၂၄၀၀ စိုက်ခင်းနှင့် ကင်းကျေးရွာ အုပ်စုရှိ တောင်သူများ၏ မိုးစပါးစိုက်ခင်းတို့ကိုလည်းကောင်း၊ မန္တလေး-မိုးကုတ်ကားလမ်း မိုင်တိုင်အမှတ်(၁၀၁/၃)ရှိ ရေနီမြောက်နှင့် နမ့်မနန် ကျေးရွာတို့မှ တောင်သူများ၏ ခြံစည်းရိုး ကြက်ဆူပင် လေးဧက၊ ***စာမျက်နှာ ၆ ကော်လံ ၁*** ■

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

5-9 (01) 1 9/5/06, 2:00 AM

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၆ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်)

# ကျေးလက်ပြည်သူများ ဝင်ငွေတိုးမြင့်ရရှိစေမည့် အပ်ချုပ်စက် စက်ရုံကြီး ပေါ်ထွန်းလာပြီ

အမှတ် (၁) စက်မှုဝန်ကြီးဌာန မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်း၏ အပ်ချုပ်စက် စက်ရုံ(တိုးချဲ့)ကို စက်တင်ဘာ ၂ရက်နေ့က မန္တလေးတိုင်း ကျောက်ဆည်မြို့၌ ဖွင့်လှစ်ခဲ့သည်။

ပြည်ပသွင်းကုန် အစားထိုး ဆောင်ရွက်နိုင်ရန်၊ အလုပ်အကိုင်အခွင့် အလမ်းသစ်များ ပေါ်ပေါက်စေရန်၊ ဒေသဖွံ့ဖြိုးမှုကို အထောက်အကူဖြစ်စေရန်၊ ခေတ်မီနည်းပညာသစ်များကိုအခြေခံ၍ အရည်အသွေးကောင်းမွန်သော ထုတ်ကုန်အမည်သစ်(အမယ်သစ်)များ တိုးချဲ့ထုတ်လုပ်ရန်နှင့် ပြည်သူအများ ဝင်ငွေတိုးတက်ရရှိရေးကို အထောက်အကူဖြစ်စေရန်ဟူသည့် ရည်ရွယ်ချက်များဖြင့် ၂၀၀၃ခုနှစ် ဇန်နဝါရီ၂၇ရက်တွင် အပ်ချုပ်စက် စက်ရုံကို စတင်ထူထောင်ဖွင့်လှစ်နိုင်ခဲ့ပြီး မူလစက်ရုံအနေဖြင့် အပ်ချုပ်စက်ပစ္စည်း ၅၇မျိုးအနက် ၂၂မျိုးကို စတင်ထုတ်လုပ်နိုင်ခဲ့သည်။

စက်ရုံရှိ ကျွမ်းကျင်ဝန်ထမ်းများ၏ ကြိုးပမ်းဆောင်ရွက်မှုဖြင့် ပစ္စည်းငါးမျိုးပါဝင်သည့် အပ်ချုပ်စက် အောက်ခံကိုယ်ထည်ကို ထုတ်လုပ်နိုင်ခဲ့၍ စုစုပေါင်း ၂၇မျိုး ထုတ်လုပ်နိုင်ခဲ့သည်။ အပ်ချုပ်စက်တစ်ခုလုံး အစအဆုံး ထုတ်လုပ်ရန်ရည်ရွယ်ချက်ဖြင့်ထပ်မံလိုအပ်သည့် အပ်ချုပ်စက်အစိတ်အပိုင်းအမျိုး ၃၀ တိုးချဲ့ထုတ်လုပ်ရန်အတွက် စက်ပစ္စည်းများကို ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်အတွင်း တိုးချဲ့တပ်ဆင်ခဲ့သည်။

၂၀၀၅-၂၀၀၆ဘဏ္ဍာရေးနှစ်မှ အစပြု၍ ပစ္စည်းအစိတ်အပိုင်း ၅၇ မျိုးလုံး ထုတ်လုပ်နိုင်ပြီဖြစ်၍ အပ်ချုပ်စက် တစ်စုံလုံး အစအဆုံး ထုတ်လုပ်နိုင်ပြီဖြစ်သည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင် တစ်ခုတည်းသော စက်ပစ္စည်းအစိတ်အပိုင်း ၅၇မျိုးစလုံး ထုတ်လုပ်နိုင်သော အပ်ချုပ်စက် စက်ရုံကြီးအဖြစ် ပေါ်ထွန်းလာခဲ့ပြီ ဖြစ်သည်။

ယခုကဲ့သို့ စက်ရုံကြီးပေါ်ထွန်းလာခြင်းကြောင့် နိုင်ငံခြားငွေ ချွေတာနိုင်ခြင်း၊ အပ်ချုပ်စက်နှင့် စက်အစိတ်အပိုင်းများ သွင်းကုန်အစားထိုးပစ္စည်းများ ထုတ်လုပ်လာနိုင်ခြင်း၊ ပြည်ပမှထုတ်လုပ်သည့် စက်များနှင့် တန်းတူအရည်အသွေး အဆင့်မီစက်များ ဖြန့်ဖြူးပေးနိုင်ခြင်း၊ ကျေးလက်နေ ပြည်သူအများ လွယ်လင့်တကူ ဈေးနှုန်းချိုသာစွာဖြင့် အပ်ချုပ်စက်များဝယ်ယူပြီး တစ်နိုင်တစ်ပိုင် ဝင်ငွေတိုးမြင့်ရရှိစေခြင်းနှင့် အများပြည်သူတို့ အသုံးပြုနိုင်ခြင်းဟူသော အကျိုးရလဒ်များ ဖြစ်ထွန်းရရှိစေသည်။

အမှတ် (၁) စက်မှုဝန်ကြီးဌာန အပ်ချုပ်စက်စက်ရုံသည် ပြည်သူပြည်သားတို့၏ နေ့စဉ်နှင့်အမျှ ဝတ်ဆင်နေကြရသည့် အဝတ်အထည်များကို ချုပ်လုပ်ပေးရာ၌ အရေးပါသည့် အိမ်သုံးအပ်ချုပ်စက်များ၊ အပ်ချုပ်စက် အစိတ်အပိုင်းများကို ထုတ်လုပ်ပေးသည့် တစ်ခုတည်းသော စက်ရုံဖြစ်သည်။

မြန်မာနိုင်ငံတွင် အိမ်တွင်းချုပ်လုပ်မှု လုပ်ငန်းများ၊ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ၌ အရည်အသွေးမီ ပြည်တွင်းဖြစ် ဈေးနှုန်းချိုသာသော အပ်ချုပ်စက်နှင့် စက်တစ်လုံး၏ မည်သည့် အစိတ်အပိုင်းကိုဖြစ်စေ လွယ်လင့်တကူ ဝယ်ယူအစားထိုး သုံးစွဲနိုင်တော့မည်ဖြစ်ကြောင်း ရေးသား ဖော်ပြလိုက်ရပေသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# ပိုလီယိုအကြောသေရောဂါဆိုးကြီး ပပျောက်ရန်ရည်ရွယ် ငါးနှစ်အောက်ကလေးငယ်များအား ကာကွယ်ဆေးတိုက်ကျွေး အရှေ့တောင်အာရှဒေသနိုင်ငံများနှင့်အတူ ပိုလီယိုကင်းစင်နိုင်ငံအဖြစ်ရပ်တည်

နေပြည်တော် စက်တင်ဘာ ၄

**စတုတ္ထနှစ်ဒေသအလိုက် အမျိုးသားကာကွယ်ဆေးတိုက်နေ့များ ဖွင့်ပွဲအခမ်းအနားကို မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ် နန်းမြင့်မျှော်စင်ခန်းမ၌ ယမန်နေ့ နံနက်ရနာရီက ကျင်းပသည်။**

**တက်ရောက်**

ဖွင့်ပွဲအခမ်းအနားသို့ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် ဇနီး ဒေါ်ခင်ပြုံးဝင်း၊ ကျန်းမာရေး ဝန်ကြီးဌာနဝန်ကြီးဒေါက်တာကျော်မြင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန် သံအမတ်ကြီး WHO နှင့် UNICEF တို့မှ ဌာနေကိုယ်စားလှယ်များ၊ ကျန်းမာရေး ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ တာဝန်ရှိသူများ၊မန္တလေးတိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ အစိုးရမဟုတ်သော စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

**အမှာစကားပြောကြား**

ဖွင့်ပွဲအခမ်းအနားတွင်မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့မြန်မာနိုင်ငံအတွင်းရှိ ရင်သွေးငယ်များ၊ ပိုလီယို အကြောသေ ရောဂါဆိုးကြီးဆက်လက် ပပျောက်စေရန် ရည်ရွယ်ချက်ဖြင့်အသက်ငါးနှစ်အောက် ကလေးငယ်များကို ပိုလီယိုရောဂါ ကာကွယ်ဆေး တိုက်ကျွေးခြင်း ဖြစ်ကြောင်း၊ ယနေ့ မြန်မာနိုင်ငံသည် အရှေ့တောင်အာရှ ဒေသဆိုင်ရာ နိုင်ငံများနှင့် အတူ လက်တွဲပြီး ပိုလီယိုကင်းစင်သော နိုင်ငံ တစ်နိုင်ငံအဖြစ် ရပ်တည်နိုင်ခဲ့ကြောင်း၊ မန္တလေးတိုင်း အပါအဝင် မြန်မာနိုင်ငံ အနေဖြင့် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ယခုနှစ် တွင်လည်း မန္တလေးတိုင်း ပြင်ဦးလွင် မြို့နယ်တွင် Vaccine Derived Polio Virus (VDPV) တွေ့ရှိမှုကို အခြေခံပြီး စတုတ္ထနှစ် ဒေသအလိုက် အမျိုးသားကာကွယ်ဆေးတိုက်နေ့များကိုပြင်ဦးလွင်မြို့နယ်နှင့်မိုင်၁၀၀ ပတ်လည်ရှိ မြို့နယ် ၈၀ တွင် ကျင်းပဆောင်ရွက်သွားမည်ဖြစ်ကြောင်းရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကျန်းမာရေး ဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာကြီးတစ်ခုလုံးမှာ ၂၀၀၆ခုနှစ်အကုန်တွင်ပိုလီယိုအကြောသေရောဂါ လုံးဝပပျောက်သွားအောင် ဆောင်ရွက်နေချိန်တွင် မြန်မာနိုင်ငံအနေဖြင့်ပြီးခဲ့သည့် ၂၀၀၃ခုနှစ် ဖေဖော်ဝါရီ ၁၃ရက်တွင် ပိုလီယိုကင်းစင်သော နိုင်ငံအဖြစ် အသိအမှတ်ပြုခံခဲ့ရပြီးသော နိုင်ငံဖြစ်ကြောင်း၊ ထိုကဲ့သို့ ရရှိသည့် အောင်မြင်မှုကို တည်တံ့စွာ ဆက်လက် ထိန်းသိမ်းထားနိုင်ရန် လိုအပ်ကြောင်း၊ ယခုနှစ်တွင် မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)နှင့် ကချင်ပြည်နယ်မှ မြို့နယ် ၈၀မှာ စက်တင်ဘာ၃ ရက်တွင် ပထမအကြိမ်၊ အောက်တိုဘာ ၁ ရက်တွင် ဒုတိယအကြိမ်အဖြစ် ရည်မှန်း ငါးနှစ်အောက်ကလေးပေါင်း နှစ်သန်းကျော်ကိုပိုလီယိုကာကွယ်ဆေးတိုက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီးမန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်နှင့် ဇနီး၊ ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်နှင့် အထူးဖိတ်ကြားထားသူများကငါးနှစ်အောက်ကလေးငယ်များကို ပိုလီယိုကာကွယ်ဆေးတိုက်ကျွေး၍ခင်းကျင်းပြသထားသောကျန်းမာရေး ပြခန်းကို လှည့်လည်ကြည့်ရှု၍ဖွင့်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**



မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်ခင်ဇော် ငါးနှစ်အောက် ကလေးငယ်များကို ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးစဉ်။ (ကျန်းမာရေး)

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာကျော်မြင့် ငါးနှစ်အောက်ကလေးငယ်များကို ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးစဉ်။ (ကျန်းမာရေး)



## မြဝတီရုပ်မြင်သံကြား

**၅-၉-၂၀၀၆ (အင်္ဂါနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | မြဝတီအဖွင့် |
| ၇း၀၅ | ၂။ | အဖွင့်သီချင်း |
| ၇း၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၇း၂၀ | ၄။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇း၃၀ | ၅။ | မြန်မာသံစဉ်ချိုနားဝင် |
| ၇း၄၅ | ၆။ | မြန်မာ့ရိုးရာယဉ်ကျေးမှု ဆို၊က၊ရေး၊တီး ပြိုင်ပွဲအစီအစဉ် |
| ၇း၅၀ | ၇။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၈း၀၀ | ၈။ | မြဝတီရုပ်မြင်သံကြားသတင်း |

**ညပိုင်း**

| | | |
|---|---|---|
| ၄း၀၀ | ၁။ | မြဝတီအဖွင့် |
| ၄း၀၅ | ၂။ | အဖွင့်သီချင်း |
| ၄း၁၀ | ၃။ | လက်စွမ်းပြဟန်ဂီတသံ |
| ၄း၁၅ | ၄။ | အလွမ်းတေးပန်းချီချစ်သူဆီ |
| ၄း၃၅ | ၅။ | မြန်မာ့ရိုးရာယဉ်ကျေးမှု ဆို၊က၊ရေး၊တီး ပြိုင်ပွဲအစီအစဉ် |
| ၄း၅၅ | ၆။ | မျိုးချစ်တပ်မတော် |
| ၅း၂၅ | ၇။ | ပညာခေတ် |
| ၅း၄၀ | ၈။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၆း၀၀ | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆း၁၀ | ၁၀။ | နိုင်ငံတကာသတင်း |
| ၆း၂၀ | ၁၁။ | မိုးလေဝသသတင်း |
| ၆း၃၀ | ၁၂။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၆း၄၀ | ၁၃။ | လျှပ်တစ်ပြက် |
| ၇း၀၀ | ၁၄။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“သံယောဇဉ်”** (အပိုင်း-၁၄) |
| ၈း၀၀ | ၁၅။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၆။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| | ၁၇။ | **သံဃာ့ဂုဏ်ရည် မြတ်လယ်တီ** -ရွှေချက်သိုရာ စိုင်ပြင်ရှာ |
| | ၁၈။ | ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင် |
| | ၁၉။ | ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **“မြိုင်ဟောဝန်က သိုင်းလုလင်”** (ဒုတိယတွဲ) (အပိုင်း-၂၂) |

● *ကျောဖုံးမှ*

ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကြည်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးဝင်းအောင်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ၊ အလှူရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**စီမံကိန်းကြီး(၃)ရပ်**

ရှေးဦးစွာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေး ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြရာတွင် နိုင်ငံတော် အစိုးရအနေဖြင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းကြီး(၃)ရပ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းတို့မှာ နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်း၊ အထူးဒေသကြီး ၂၄ ခု ဖွံ့ဖြိုးရေးစီမံကိန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းများပင်ဖြစ်ကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး စီမံကိန်းကို လုပ်ငန်းစဉ်(၅)ရပ်ဖြစ်သည့် ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်မှု ချောမွေ့ကောင်းမွန်ရေး၊ ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေနှင့် စိုက်ပျိုးရေရရှိရေး၊ ကျေးလက်နေပြည်သူများ၏ ပညာရေး အဆင့်မြင့်တင်ပေးရေး၊ ကျေးလက်နေပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်မှု မြှင့်တင်ပေးရေး၊ ကျေးလက်ဒေသ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆောင်ရွက်လျက်ရှိကြောင်း။

**၅၆ ရာခိုင်နှုန်းခန့်ပြီးစီး**

ရေခက်ခဲသော အပူပိုင်းဒေသ တိုင်း သုံးတိုင်းရှိ ကျေးရွာပေါင်း ၈၀၄၂ ရွာအနက် စီမံကိန်းကာလ စတင်သော ၂၀၀၀–၂၀၀၁ ဘဏ္ဍာရေးနှစ်မှ ၂၀၀၆–၂၀၀၇ ဘဏ္ဍာရေးနှစ် ဇူလိုင်လကုန်ထိ ကျေးရွာပေါင်း ၇၇၇၆ ရွာကို သန့်ရှင်းသော သောက်သုံးရေရရှိရေး ဆောင်ရွက်နိုင်ခဲ့သဖြင့် ၉၇ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း၊ အခြားပြည်နယ်နှင့် တိုင်း ၁၄ ခုရှိ ၁၅၁၈၃ ရွာအနက် ၂၀၀၆–၂၀၀၇ ဘဏ္ဍာရေးနှစ် ဇူလိုင်လကုန်ထိ ကျေးရွာပေါင်း ၈၄၉၀ ရွာကို သန့်ရှင်းသော သောက်သုံးရေရရှိရေး ဆောင်ရွက်ပေးနိုင်ခဲ့သဖြင့် ၅၆ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း။

ထို့ကြောင့် ပြည်နယ်၊ တိုင်းအားလုံးရှိ သန့်ရှင်းသော သောက်သုံးရေရရှိရေးဆောင်ရွက်ရန် စုစုပေါင်းကျေးရွာ ၂၃၂၂၅ ရွာအနက် ကျေးရွာပေါင်း ၁၆၂၆၆ ရွာကို သန့်ရှင်းသော သောက်သုံးရေရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း။

စေတနာရှင် ပြည်သူများ၏ လှူဒါန်းငွေများကို တင်ပြရမည်ဆိုလျှင် ပထမအကြိမ်မှ ဧကာဒသမအကြိမ်အထိ စုစုပေါင်းအလှူရှင် ၁၆၄၉ ဦးမှ ငွေကျပ် ၁၃၀၆၁ ဒသမ ၀၇ သိန်း၊ US$ ၇၆၇၅၂၊ EURO ၇၇၀နှင့် FEC ၁၀၀၁၂တို့ လှူဒါန်းရရှိခဲ့ကြောင်း။

**တူးဖော်ပေးခဲ့**

ပထမအကြိမ်မှ ဧကာဒသမအကြိမ်အထိ လှူဒါန်းငွေများဖြင့် အပူပိုင်းဒေသ တိုင်း သုံးတိုင်းတွင် စက်ရေတွင်းပေါင်း ၁၆၅၅ တွင်းနှင့် အခြားပြည်နယ်နှင့် တိုင်းများတွင် စက်ရေတွင်းပေါင်း ၄၆၁ တွင်း၊ စုစုပေါင်း တွင်းပေါင်း ၂၁၁၆ တွင်း တူးဖော်ပေးခဲ့ကြောင်း။

ယခု ဒွါဒသမအကြိမ်တွင် အလှူရှင် ၁၀၃ ဦးမှ ငွေကျပ် ၉၅၆ ဒသမ ၈၄၈၅ သိန်းကို ကြိုတင် လှူဒါန်းပေးထားသည့် စာရင်းများအရ သိရှိရကြောင်း။

ကျေးလက် ရေရရှိရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ ၂၀၀၅–၂၀၀၆ ဘဏ္ဍာရေးနှစ်ကုန်အထိ စစ်ကိုင်းတိုင်း၌ ချောင်းဦးမြို့နယ်၊ မြင်းမူမြို့နယ်၊ မြောင်မြို့နယ်၊ ခင်ဦးမြို့နယ်၊ ကသာမြို့နယ်၊ ကောလင်းမြို့နယ်နှင့် တမူးမြို့နယ် ပေါင်း ခုနစ်မြို့နယ်။

မကွေးတိုင်း၌ တောင်တွင်းကြီးမြို့နယ်၊ မင်းဘူးမြို့နယ်၊ အောင်လံမြို့နယ်၊ ပွင့်ဖြူမြို့နယ်၊ ကံမမြို့နယ်၊ မင်းတုန်းမြို့နယ်၊ ဆောမြို့နယ်၊ ပခုက္ကူမြို့နယ်၊ မြိုင်မြို့နယ်၊ ရေစကြိုမြို့နယ်၊ ပေါက်မြို့နယ်နှင့် ဆိပ်ဖြူမြို့နယ် ပေါင်း ၁၂ မြို့နယ်။

မန္တလေးတိုင်း၌ မြစ်သားမြို့နယ်၊ ကျောက်ဆည်မြို့နယ်၊ မြင်းခြံမြို့နယ်၊ မိတ္ထီလာမြို့နယ်၊ စဉ့်ကိုင်မြို့နယ်၊ တံတားဦးမြို့နယ်၊ မတ္တရာမြို့နယ်၊ လယ်ဝေးမြို့နယ်၊ ဝမ်းတွင်းမြို့နယ်၊ သာစည်မြို့နယ်နှင့် အမရပူရမြို့နယ် ပေါင်း ၁၁ မြို့နယ် စုစုပေါင်း မြို့နယ် ၃၀ တွင် မြို့နယ်လုံးကျွတ် ကျေးရွာများအားလုံး သန့်ရှင်းသော သောက်သုံးရေရရှိအောင် ဆောင်ရွက်နိုင်ခဲ့သကဲ့သို့ ပခုက္ကူ တစ်ခရိုင်လုံးကိုလည်း ခရိုင်လုံးကျွတ် သန့်ရှင်းသော သောက်သုံးရေရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း။

**ကမ္ပည်းကျောက်စာရေးထိုး**

အလှူရှင်များ၏ လှူဒါန်းငွေဖြင့် စက်ရေတွင်းများ တူးဖော်ပေးပြီး ကမ္ပည်းကျောက်စာများလည်း ရေးထိုးပေးခဲ့ကြောင်း၊ စက်ရေတွင်းဖွင့်ပွဲများလည်း ကျင်းပပြုလုပ်ပေး၍ အလှူရှင်များအားလည်း ဖိတ်ကြားတက်ရောက်စေခဲ့ပြီး အလှူရှင်များထံသို့ မိမိတို့လှူဒါန်းမှုအပေါ် ကြည်နူးပီတိပွားစေရန် ဓာတ်ပုံ၊ အချက်အလက်မှတ်တမ်းများ ရောက်ရှိအောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

အလှူရှင်များ၏ စေတနာကြောင့် ရေရရှိပြီးဖြစ်သော ကျေးရွာလူထုအများစုတို့မှာ နေ့စဉ်နှင့်အမျှ ရေရရှိရေးအတွက် လူမှုရေးဒုက္ခများမှ ကင်းဝေးသွားပြီဖြစ်ကြောင်း၊ ထို့အတူ အလှူရှင်များအနေဖြင့် ဝမ်းသာပီတိဖြစ်ပြီး ရေအကျိုး ၁၀ ပါးကို ဘဝဆက်တိုင်း မတောင်းဘဲရရှိနိုင်ပါစေဟုလည်း ဆုတောင်းမေတ္တာပို့သအပ်ကြောင်း။

**ပြုပြင်ထိန်းသိမ်း**

အလှူရှင်များ၏ စေတနာကို တုံ့ပြန်သည့်အနေဖြင့် စည်ပင်သာယာရေးအဖွဲ့အဆင့်ဆင့်ရှိ ဝန်ထမ်းများက ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် နေ့ရောညပါ ကြိုးပမ်းဆောင်ရွက်လျက်ရှိသကဲ့သို့ လှူဒါန်းခဲ့သော စက်ရေတွင်းများ ရာသက်ပန် အသုံးပြုနိုင်ရေးအတွက် ပြုပြင်ထိန်းသိမ်းမွမ်းမံခြင်းများကိုလည်း ကျေးလက်ဒေသရှိ ပြည်သူများနှင့်ပူးပေါင်း၍ စေတနာ၊ မေတ္တာအပြည့်အဝဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

**အလှူငွေလက်ခံ**

ယင်းနောက် အလှူငွေများပေးအပ်ပွဲကို ကျင်းပရာ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့က ငွေကျပ် ၁၀ သိန်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ငွေကျပ်ငါးသိန်း၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းနှင့်ဇနီး ဒေါ်မာမာဝေ မိသားစုက ငွေကျပ် ၁၀ သိန်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ငွေကျပ် ၁၀ သိန်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့်ဇနီးတို့အားအမှူးထား၍တပ်မတော်(ရေ)မှ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်၊ ရဲမေ မိသားစုများက ငွေကျပ် ၁၀ သိန်း၊ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို) ရန်ကုန်က ငွေကျပ် ငါးသိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက လက်ခံသည်။

ဆက်လက်၍ ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်နှင့် အကျိုးတူလုပ်ငန်းများက ငွေကျပ်သိန်း ၇၀၊ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းက ငွေကျပ် ၂၅ သိန်း၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်နှင့် ဇနီး ဒေါ်အေးအေးတို့က ငွေကျပ်၁၆၃၀၀၀၀၊ ဆရာမကြီး ဒေါက်တာဒေါ်နုနုယဉ်၊ ဆရာမကြီး ဒေါက်တာဒေါ်ခင်စန်းရီ၊ ဦးဝင်းအောင်၊ ဦးခင်မောင်ဝင်းနှင့် ဦးတင်မောင်နိုင်တို့က ငွေကျပ် ၁၀၅၀၄၈၅၀၊ ဦးသန်းအောင်အား ရည်စူး၍ ဦးတင်မောင်မြင့်–ဒေါ်တင်တင်နွယ်၊ သမီးလေး အိအိတင်မောင်မြင့်၊ မမေရီသန့်၊ မောင်ထွန်းထွန်းဦး၊ မမဋ္ဌူအောင်၊ မောင်သက်ထွဋ်ဦး၊ မဇာခြည်လင်း၊ မောင်ဟိန်းတေဇာလင်း၊ မတင်မေဝင်း၊ မောင်ထွန်းလင်းနိုင်၊ မအိအိခိုင် (ရွှေအင်အားကုမ္ပဏီလီမိတက်)က ငွေကျပ် ၄၆၄၀၀၀၀၊ ဒေါက်တာဒေါ်ခင်ခင်ရီ (ရှိုင်းဟုတ်ကုမ္ပဏီ)က ငွေကျပ်သိန်း ၃၀ တို့ကို ပေးအပ်လှူဒါန်းကြရာ တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းက လက်ခံသည်။

**ပေးအပ်လှူဒါန်း**

ထို့နောက် မိဘနှစ်ပါးဖြစ်သော ဦးဘရီ–ဒေါ်မြရင်အားရည်စူး၍ သမီး ဒေါ်ခင်စိန်နှင့် သားသမီး မြေးမြစ်တစ်စုက ငွေကျပ် ၂၈ သိန်း၊ ဦးထွန်းအောင်–ဒေါ်ဝင်းဝင်းကြည်၊ မခင်ယုယုဝင်း၊ မောင်ကိုကိုဝင်းနှင့် ဦးမြင့်မော်တို့က ငွေကျပ် ၂၅ သိန်း၊ ဖခင်ကြီး ဦးသန်းအောင်အား ရည်စူး၍ ဒေါ်ခင်သက်လွင်၊ သား ဒေါက်တာနေဝင်းသန်း၊ နေမျိုးအောင်၊ သမီး စိုးစိုးအောင်၊ မြေး သုသု မိသားစုက ငွေကျပ်သိန်း ၂၀၊ ချမ်းမြေ့ရေကြည်အသင်းက ငွေကျပ် ၁၈ သိန်း၊ ဗိုလ်မှူးကျော်ကျော်(ငြိမ်း)–ဒေါ်တင်နွယ်ဦး၊ သား အောင်ကျော်သက်၊ သမီး သည်းဆုနွယ် မိသားစုက ငွေကျပ် ၁၅ သိန်း၊ ဦးတင်မြင့်–ဒေါ်ဝင်းရီ မိသားစုက ငွေကျပ် ၁၅ သိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က လက်ခံသည်။

ဆက်လက်၍ ဖခင်ကြီး ဦးမျိုးမြင့်အားရည်စူး၍ ဒေါ်ခင်သန်း၊ ဦးခင်ဝင်း–ဒေါ်လွင်လွင်မြင့်၊ သား ပြည့်စုံအောင်၊ သမီး ဆွေမာဖူးပွင့်တို့က ငွေကျပ် ၁၄ သိန်း၊ မိဘများအား အမှူးထား၍ ဒေါ်နီနီဝင်း၊ သမီး ကျော့ဟေသီကို မိသားစုက ငွေကျပ် ၁၄ သိန်း၊ ဘရာနိုကုမ္ပဏီလီမိတက် ဝန်ထမ်းမိသားစုက ငွေကျပ် ၁၄ သိန်း၊ ဦးမြင့်သောင်း၊ သားသမီး ဦးကျော်လင်း–ဒေါ်မေအေးမြင့်၊ မြေး အေးမြတ်ဖြိုး၊ မြတ်ထက်အောင်တို့က ငွေကျပ် ၁၄ သိန်း၊ ကွယ်လွန်သူ မိဘများနှင့် ခင်ပွန်း ဦးကြည်လွင်အား ရည်စူး၍ ဒေါ်စောတင်အေး၊ သား ကိုကြည်ဖြူ၊ သမီး မြမဋ္ဌူတို့က ငွေကျပ် ၁၄သိန်း၊ ဦးမောင်ကြူ–ဒေါ်သန်းသန်းဌေးတို့အား အမှူးထား၍ ဦးကြူမိသားစု ဂျုံစက် မိသားစုနှင့် ဝန်ထမ်းများက ငွေကျပ် ၁၁ သိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ ဝန်ကြီးဗိုလ်ချုပ်ခင်မောင်မြင့်က လက်ခံသည်။

ယင်းနောက် 2005-2006 M.V OMAR-III စင်ကာပူ၊ မြန်မာ သင်္ဘောသားများက ငွေကျပ် ၁၁ သိန်း၊ ညောင်ဦးမြို့ တော်ဝင်ဘော်ဒါပိုင်ရှင် ဦးတင်မောင်လင်း–ဒေါ်အမာစိန်၊ သား မောင်သောင်းထွဋ်၊ မောင်မင်းသုတ မိသားစုက ငွေကျပ် ၁၀ သိန်း၊ ဒေါ်ကျင်ချိန် (နဝရတ်ရွှေဇာမဏီကျောက်မျက်ရတနာကုမ္ပဏီလီမိတက်)က ငွေကျပ် ၁၀ သိန်း၊ ဦးအေးလွင်၊ ဇနီး ဒေါ်အေးအေးဌေး၊ သမီး အိချိုလွင် မိသားစုက ငွေကျပ် ၁၀ သိန်း၊ ဦးဗညားအောင်၊ ဇနီး ဒေါ်အေး၊ ဦးကြဲ၊ သား မြင့်မောင်ကြဲ မိသားစုက ငွေကျပ် ၁၀ သိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကြည်က လက်ခံသည်။

ဆက်လက်၍ ဦးသီဟအောင်–ဒေါ်ခင်စပယ်မိုး (Tas ကုမ္ပဏီ)က ငွေကျပ် ၁၀ သိန်း၊ ကွယ်လွန်သူ ဦးသွင်–ဒေါ်ကျင်သောင်းအား ရည်စူး၍ ဦးဝင်းထွန်း–ဒေါ်မြင့်မြင့်နိုင် (ဆင်မင်းဆေးလိပ်ခုံ)၊ မဝင်းလဲ့ရည်ထွန်း၊ မောင်ထက်ဝေယံထွန်း မိသားစုက ငွေကျပ် ကိုးသိန်း၊ ဦးဝင်းအောင် မိသားစု (Woodland Co.,)က ငွေကျပ်ကိုးသိန်း၊ ပြည်ထဲရေးဝန်ကြီးဌာန အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ကြည်–ဒေါ်စမ်းစမ်းဝင်းနှင့် ဝန်ထမ်းမိသားစုများက ငွေကျပ်၇၂၀၀၀၀၊ မိခင်ကြီး ဒေါ်ကြည်ကြည်ခင်အား ရည်စူး၍ ဖခင် ဦးတင်လတ် (ပြည်နယ်ဦးစီးမှူး၊ တရားရေးဌာန– ငြိမ်း)၊ ဗိုလ်မှူးကြီးအောင်ဇော်ဝင်း– ဒေါ်စပယ်လတ်၊ သား ဗိုလ်ဝင်းလတ်၊ မောင်ကျော်ဇေလတ်တို့က ငွေကျပ် ငါးသိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးဝင်းအောင်က လက်ခံသည်။

ထို့နောက် ကွယ်လွန်သူ ဒေါ်လှကျင်အား ရည်စူး၍ ဦးစိန်ကောက်–ဒေါ်တင်ကြည် (ရတနာထွန်း)မိသားစု၊ ဦးစိန်မြင့်–ဒေါ်ညွန့်ညွန့်ရင်နှင့် သားသမီး မြေးတစ်စု(မောင်စိန်မြင့် နာရီဆိုင်)၊ ဦးညီညီအောင်–ဒေါ်အေးအေးသန္တာဝေ၊ သမီး နေခြည်ညီညီအောင်၊ အဖ ဦးအောင်ဝင်း–ဒေါ်ကြည်ကြည်ဝင်း၊ ဦးစိုးမြင့်အောင်–ဒေါ်ခင်အေးကြည် မိသားစု (ရွှေပြည်ငြိမ်းကုမ္ပဏီလီမိတက်)တို့ကလှူဒါန်းသော ငွေကျပ် ငါးသိန်းစီကို ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါက လက်ခံသည်။

ဆက်လက်၍ ဒုတိယဗိုလ်မှူးကြီး ခင်မောင်တိုး(ငြိမ်း)၊ ဇနီး ဒေါ်ညွန့်တင်၊ သား ဗိုလ်မှူးထူးမြတ်တိုး၊ မောင်ရဲရင့်မြတ်တိုးတို့က ငွေကျပ် ငါးသိန်း၊ ကွယ်လွန်သူဖခင်ကြီး ဦးလှကြည်အား ရည်စူး၍ မိခင်ကြီး ဒေါ်နန်းမူအား အမှူးထား၍ သမီးခင်မျိုးသွယ်၊ ဦးသိန်းဟန်၊ ဒေါက်တာသန်းသန်းနု၊ သမီး မမြတ်သီရိဟန် (အာရုတော်ဝင်)၊ မိခင်ကြီး ဒေါ်ကျင်စိန်အားအမှူးထား၍ သားသမီး မြေးတစ်စု၊ နှစ်ဖက်မိဘ အမှူးထား၍ ဦးတင်အောင်ခိုင်၊ မအေးစန္ဒာ၊ သမီး အိမ့်မြတ်မိုးခိုင်၊ သား ဖုန်းပြည့်စုံခိုင်တို့က ငွေကျပ် သုံးသိန်းစီနှင့် ဧည့်လမ်းညွှန် ဒေါ်ခင်ခင်ကြီး၊ Mr. Lliana, Ms. Marinella, Mr.Elio, Mr. Angelo တို့က ငွေကျပ် ၂၅၀၀၀၀ တို့ကို ပေးအပ်လှူဒါန်းရာ ရောဝတီရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဝင်းရှိန်က လက်ခံသည်။

*စာမျက်နှာ ၁၂ ကော်လံ ၁ သို့*



**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် အလှူရှင်တစ်ဦး၏ လှူဒါန်းငွေများကို လက်ခံစဉ်။** (သတင်းစဉ်)

# ဂရုဓမ္မ မြတ်သီလ

* ကုရုတိုင်းမှာ၊ မိုးသုံးဖြာညီ
သာယာစည်၏၊ ပြည်သူပြည်သား
ရှင်လူများတို့၊ ငါးပါးသီလ
ကိုယ်င ကိုယ်စီ၊ စောင့်ထိန်းသည်ကြောင့်
မနှောင့် ဘေးဘျမ်း၊ ဆံခြည်ခြမ်းမျှ
မသန်းယှက်နှောင်၊ ကွင်းရှောင်မပြတ်
ကပ်သုံးပါးမှ၊ လွတ်မြောက်ကြသည်
ဝပြောပြည့်လျှိုင်း ကုရုတိုင်း။

* ကာလိင်္ဂတိုင်း၊ သူ့တိုင်းဘောင်မှာ
မိုးခေါင်ရေဝေး၊ ကပ်ဘေးပြောထူ
လူတိရစ္ဆာန်၊ ဘေးဒဏ်နှိပ်စက်
ဒုက္ခယှက်လျှင်၊ ဘုရင်ကိုယ်တိုင်
မိုးဖြိုင်ရွာအောင်၊ ဉပုသ်ဆောင်တွင်
ဓိဋ္ဌာန်ဝင်ရ၊ သီလစောင့်လည်း
မိုးသည်းမရွာ၊ မြေသာအက်ကွဲ
ဆင်းရဲတွင်းနက်၊ ဥပဒ်ဖက်လျှင်
ကုရုအရှင်၊ ဘုရင်ထံမှ
အဥ္စနဝဏ္ဏာ၊ ဆင်ရတနာကို
မိုးရွာစေအောင်၊ သူ့တိုင်းဘောင်သို့
ယူဆောင်ခဲ့လည်း၊ ခေါင်မြဲသာခေါင်
မိုးမောင် မရွာပါချေတကား။

* ကာလိင်္ဂဘုရင်၊ ဆင်ခြင်သိမှု
ကုရုတိုင်းမှာ၊ မိုးရွာသည်လျှင်
ဆင်နှင့်မဆိုင်၊ ကိုယ်တိုင်ထိန်းကြ
သီလငါးပါး၊ အလေးထားဂရု
စောင့်ထိန်းမှုမှာ၊ ဂရုဓမ္မ
မြတ်သီလဟု၊ သိကြရာတွင်
မင်းပါပြည်သူ၊ ညီတူစောင့်ကြ
သီလငါးအင်၊ အာနိသင်ကြောင့်
ကာလိင်္ဂပြည်ခွင်၊ လန်းရွှင်ငြိမ်းဖြိုး
ငွေမိုးဖြိုင်ဖြိုင်၊ ရွာသွန်းနိုင်ကာ
ပြည်လုံးသုခ၊ ငြိမ်းချမ်းကြပြီ
ဂရုဓမ္မ ကျေးဇူးတည်း။ ။

**(တော်သလင်းလပြည့် ဂရုဓမ္မအခါတော်နေ့ကို ရည်ညွှန်းလျက်–)**

**ဦးအောင်မွန်** (မဟာဝိဇ္ဇာ)



# တရုတ်နိုင်ငံ၌ နို့နှင့်နို့ထွက်ပစ္စည်းများထုတ်လုပ်မှုမြင့်တက် ၂၀၀၀-၂၀၀၅ခုနှစ်အတွင်း တန်ချိန် ၂၈ သန်းကျော်ထုတ်လုပ်နိုင်ခဲ့

ပေကျင်း စက်တင်ဘာ ၄

**တရုတ်နိုင်ငံတွင် ၂၀၀၀ ပြည့်နှစ်မှ ၂၀၀၅ ခုနှစ် အတွင်း နို့နှင့်နို့ထွက်လုပ်ငန်းများမှ ထုတ်ကုန်များ တန်ချိန် ၂၈ ဒသမ ၆၅ သန်း ထုတ်လုပ်နိုင်ခဲ့ကြောင်း တရုတ်နိုင်ငံ နို့နှင့်နို့ထွက်လုပ်ငန်းအဖွဲ့ (စီဒီအေ)က စက်တင်ဘာ ၁ ရက်၌ သတင်းထုတ်ပြန်သည်။**

တရုတ်နိုင်ငံအနေဖြင့် လွန်ခဲ့သည့် ဆယ်စုနှစ်တာကာလအတွင်း နို့နှင့်နို့ထွက်ထုတ်ကုန်များ ထုတ်လုပ်နိုင်မှုမှာ ၁၄ ဒသမ ၆ ရာခိုင်နှုန်းခန့် နှစ်စဉ် မြင့်တက်ခဲ့ကြောင်း သိရသည်။

**ထုတ်လုပ်**

တရုတ်နိုင်ငံတစ်ဝန်း မြို့ပြနှင့် ကျေးလက်ဒေသများတွင် နို့နှင့်နို့ထွက်ထုတ်ကုန်ပစ္စည်း ဟန်ချက်ညီညီ တိုးတက်ထုတ်လုပ်နိုင်ရေးကို ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ပြီး လာမည့် ဆယ်စုနှစ် သုံးစုတာကာလအတွင်း ယခုထက် ထုတ်လုပ်မှုပမာဏကြီးမားစွာ ထုတ်လုပ်နိုင်ရန် မျှော်မှန်းထားသည်။

**မျှော်မှန်း**

နို့ထွက်ထုတ်ကုန်များမှ ဝင်ငွေသည် တရုတ်နိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို ပိုမိုမြင့်မားအောင် အထောက်အကူပြု ပေးနိုင်မည်ဟုလည်း တရုတ်နိုင်ငံက မျှော်မှန်းထားသည်။

တရုတ်နိုင်ငံတွင် ၂၀၀၅ ခုနှစ်က နို့နှင့်နို့ထွက်လုပ်ငန်းပေါင်း ၆၈၀ မှ နေ့စဉ်နို့နှင့်နို့ထွက်ပစ္စည်း ထုတ်လုပ်မှုတန်ချိန် ၃၀၀ ခန့် ထုတ်လုပ်လျက်ရှိသည်။ ထိုသို့ ထုတ်လုပ်မှုမှ နေ့စဉ်ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၅ သန်းခန့် ရရှိသည်။

**အစားထိုး**

တရုတ်နိုင်ငံ၏ နို့နှင့်နို့ထွက်ပစ္စည်းထုတ်လုပ်မှုသည် သမားရိုးကျနည်းများမှ ခေတ်မီသော နည်းပညာများဖြင့် ပြောင်းလဲအစားထိုးကာ ထုတ်လုပ်လျက်ရှိကြောင်း စီဒီအေ အတွင်းရေးမှူး လျူချန်ရိုက ပြောကြားသည်။

**အမ်အင်အေ၊ဆင်ဟွာ**

## ပလတ်စတာရုပ်တုများ

**တောင်အာဖရိကနိုင်ငံ လမ်ဘရတ်ဘေး ဆိပ်ကမ်းမြို့တွင် ပန်းပုပညာရှင်တစ်ဦးက ကမ္ဘာလှည့်ခရီးသွားများအား ဆွဲဆောင်နိုင်ရန် ပင်လယ်တင်ကျီးငှက် ရုပ်တုများ ပြုလုပ်နေသည်ကို စက်တင်ဘာ ၄ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

# အာဖဂန်၌ လေယာဉ်ပျက်ကျ၊ ဗြိတိသျှတပ်ဖွဲ့ဝင် ၁၄ ဦးသေဆုံး

**လန်ဒန် စက်တင်ဘာ ၄**

အာဖဂန်နစ္စတန်နိုင်ငံတွင် ဗြိတိသျှလေယာဉ်တစ်စင်း ပျက်ကျခဲ့ရာ ဗြိတိသျှတပ်ဖွဲ့ဝင် ၁၄ဦးသေဆုံးခဲ့ကြောင်း ဗြိတိသျှစစ်ဘက်က သတင်းထုတ်ပြန်သည်။

**ပျက်ကျ**

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ကန်ဒါဟာပြည်နယ်တွင် စက်တင်ဘာ ၂ ရက်က အဆိုပါ လေယာဉ်ပျက်ကျခဲ့ခြင်းဖြစ်ပြီး သေဆုံးသူများမှာ အာဖဂန်နစ္စတန်တွင် အမေရိကန် ဦးဆောင်သည့် တပ်ဖွဲ့များ၌ ပါဝင်ဆောင်ရွက်နေသော ဗြိတိသျှတပ်ဖွဲ့ဝင်များ ဖြစ်သည်။

**ပြောကြား**

ထိုလေယာဉ် ပျက်ကျခဲ့သည်မှာ တာလီဘန်တို့ ပစ်ချခဲ့၍မဟုတ်ကြောင်း၊ မတော်တဆဖြစ်ရပ်ကြောင့် ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း ဗြိတိသျှစစ်ဘက် ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

**သေဆုံး**

သို့သော် ထိုလေယာဉ်သည် မည်သို့သော မတော်တဆမှုကြောင့် ပျက်ကျခဲ့ရသည်ကို ရှင်းလင်းစွာမသိရသေးကြောင်း၊ အာဖဂန်နစ္စတန်တွင် ၂၀၀၁ ခုနှစ် နိုဝင်ဘာမှစတင်ကာ စစ်ဆင်ရေးဆောင်ရွက်ချိန်အတွင်း ဗြိတိသျှတပ်ဖွဲ့ဝင် ၃၆ ဦးသေဆုံးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**(အင်တာနက်)**






# အိန္ဒိယနိုင်ငံ၌ မူးယစ်ဆေးဝါးများ ဖမ်းမိ

နယူးဒေလီ စက်တင်ဘာ ၄

**အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် စက်တင်ဘာ ၁ ရက်က တန်ဖိုးငွေ အမေရိကန် ဒေါ်လာသုံးသိန်းဖိုးခန့်ရှိ မူးယစ်ဆေးဝါး ၁ ဒသမ ၃ ကီလိုကို အိန္ဒိယရဲတပ်ဖွဲ့က ဖမ်းဆီးရမိခဲ့ကြောင်း အင်ဒို-အာရှသတင်းဌာနက သတင်းထုတ်ပြန်သည်။**

နယူးဒေလီမြို့ တောင်ပိုင်းတွင် အဘူတာဟီရာအမည်ရှိ အိန္ဒိယနိုင်ငံသားတစ်ဦးကို ဖမ်းဆီးခဲ့ကြောင်း၊ ၎င်းသည် မူးယစ်ဆေးဝါးရောင်းဝယ်သူများနှင့် တွေ့ဆုံရန် လာရောက်ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

**ဖမ်းဆီး**

ရဲတပ်ဖွဲ့အနေဖြင့် ၎င်းထံမှ ရရှိသော မူးယစ်ဆေးဝါးရောင်းဝယ်သုံးစွဲသူ အချို့ကို ဖမ်းဆီးခဲ့ကြောင်းလည်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အိန္ဒိယနိုင်ငံတွင် ပြီးခဲ့သည့် လကတည်းက မူးယစ်ဆေးဝါး အများအပြားကို ဖမ်းဆီးနိုင်ခဲ့သည်။

**တင်ပို့**

ထိုသို့ဖမ်းဆီးမိခဲ့သည့် မူးယစ်ဆေးဝါးများမှာ တောင်အာဖရိကသို့တင်ပို့မည့် မူးယစ်ဆေးဝါးများဖြစ်ကြောင်း သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

**၂၀၀၆ ကမ္ဘာ့အလှမယ် ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် အိန္ဒိယအလှမယ် နာတာရှာဆာရီ (ဝဲ)နှင့် လက်ဘနွန်အလှမယ် အန်နာဘီလာ ဟီလာ(ယာ)တို့နှစ်ဦးအား စက်တင်ဘာ ၄ ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

# ဘဂ္ဂဒက်ရှိ အဘူဂါရိုပ်အကျဉ်းစခန်း အီရတ်သို့လွှဲပြောင်း

**ဘဂ္ဂဒက် စက်တင်ဘာ ၄**

အမေရိကန်တပ်ဖွဲ့ဝင်များသည် ဘဂ္ဂဒက်အနောက်ပိုင်းရှိ အဘူဂါရိုပ် အကျဉ်းစခန်းကို အီရတ်အာဏာပိုင်များအား လွှဲပြောင်းပေးခဲ့ကြောင်း အီရတ်အစိုးရ ပြောခွင့်ရပုဂ္ဂိုလ်အလီအယ်ဒက်ဘက်ဂျ်က စက်တင်ဘာ ၂ ရက်၌ ပြောကြားလိုက်သည်။

**ပြန်လွှတ်**

အမေရိကန်တပ်ဖွဲ့ဝင်များသည် ၂၀၀၃ခုနှစ်က ဆက်ဒမ်ဟူစိန်အစိုးရ ပြုတ်သွားပြီးနောက် ယင်းအကျဉ်းစခန်းအားထိန်းချုပ်ထားခဲ့သည်။ စက်တင်ဘာ ၁ ရက်က အဆိုပါ အကျဉ်းစခန်း၌ ဖမ်းဆီးထားသူများအားလုံးကို ပြန်လွှတ်ပေးခဲ့ကြောင်း ၎င်းပြောခွင့်ရပုဂ္ဂိုလ်က ပြောကြားသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# ထိုင်းနိုင်ငံမြောက်ပိုင်းတွင် ရေလွှမ်း

ဗန်ကောက် စက်တင်ဘာ ၄

**ထိုင်းနိုင်ငံမြောက်ပိုင်းတွင် မိုးသည်းထန်စွာအဆက်မပြတ်ရွာသွန်းမှုကြောင့် ရေလွှမ်းမှုများဖြစ်ပေါ်ခဲ့ရာ ဒေသခံပြည်သူထောင်ပေါင်းများစွာ ရေဘေးဒုက္ခခံစားနေရကြောင်း၊ ထို့အပြင် မြေပြိုမှုများလည်း ဖြစ်ပွားလျက်ရှိကြောင်း စက်တင်ဘာ ၃ ရက်တွင် ထိုင်းသတင်းဌာနမှ သတင်းထုတ်ပြန်သည်။**



**ထိုင်းနိုင်ငံ မြောက်ပိုင်းတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေလွှမ်းနေသည်ကို စက်တင်ဘာ ၂ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

**ဖော်ပြ**

အချို့ကျေးရွာနှင့် လမ်းများမှာ ရေအနက်တစ်မီတာမှ တစ်မီတာခွဲအထိ နစ်မြုပ်လျက်ရှိသည်။ ထိုသို့ မော်တော်ကားလမ်းများ ရေနစ်မြုပ်လျက်ရှိသဖြင့် သွားလာရေးခက်ခဲမှုဖြစ်ခဲ့ရသည်ဟုလည်း အဆိုပါသတင်း၌ဖော်ပြထားသည်။

**ကြုံတွေ့**

ချက်ထရာခန်ခရိုင်ရှိ ကျေးရွာတစ်ရွာမှာ ဆိုးရွားစွာရေနစ်မြုပ်လျက်ရှိသဖြင့် မိသားစု ၇၀၀ ကျော် ရေဘေးဒုက္ခကြုံတွေ့နေရကြောင်း ထိုင်းသတင်းဌာနက ဖော်ပြသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# အမေရိကန်ကားများ ဩဂုတ်လအတွင်းအရောင်းကျ

ဝါရှင်တန် စက်တင်ဘာ ၄

**အမေရိကန်နိုင်ငံလုပ်ကားများ ရောင်းချမှုသည် ဩဂုတ်လတွင် ကျဆင်းခဲ့ပြီး အမေရိကန် ကားဈေးကွက်၌ တိုယိုတာကားရောင်းချမှုမှာ ဆက်လက်မြင့်တက်နေဆဲဖြစ်ကြောင်း ဆင်ဟွာသတင်း၌ ဖော်ပြသည်။**

**တိုးတက်လာ**

ဂျင်နရယ်မော်တော်ကားကုမ္ပဏီသည် ဩဂုတ်လက ခရီးသည်ယာဉ်မော်တော်ကား ရောင်းချမှုမှာ ၁၅၆၇၂၃ စီး ဖြစ်သည်။ ယမန်နှစ် အလားတူကာလက ယင်းကုမ္ပဏီမှ ခရီးသည်ယာဉ် ၁၅၀၉၀၀ ရောင်းချခဲ့ရပြီး ၃ဒသမ ၉ ရာခိုင်နှုန်း တိုးတက်လာသည်။

**ရောင်းချမှု**

ဂျီအမ်ကားကုမ္ပဏီ၏ အဓိကပြိုင်ဘက် တိုယိုတာကားကုမ္ပဏီ၏ လွန်ခဲ့သောနှစ် ဩဂုတ်လတွင် ကားရောင်းချမှုမှာ ကားစီးရေ ၂၀၅၃၆၂ စီး ရှိသော်လည်း ယခု ဩဂုတ်လတွင် ၂၄၀၁၇၈စီးရှိကြောင်း ၁၇ ရာခိုင်နှုန်း တိုးတက်လာကြောင်း သိရသည်။

ထိုအတောအတွင်း ဖို့ဒ်ကားကုမ္ပဏီ၏ အရောင်းမှာ ၁၁ဒသမ ၆ ရာခိုင်နှုန်းကျဆင်းပြီး ဒိုင်မလာ ခရိုင်စလာ ကားအရောင်းမှာ ၃ဒသမ ၂ ရာခိုင်နှုန်း ကျဆင်းခဲ့သည်ဟု ဆိုသည်။ **အမ်အင်အေ၊ဆင်ဟွာ**



ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ အီဒိုတိုကျိုပြတိုက်၌ ဂျပန်ကလေးငယ်များက ဂျပန်ရိုးရာ ကာဘူကီပြကွက်အား သရုပ်ဖော် ကပြနေသည်ကို စက်တင်ဘာ ၁ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

# လက်ဘနွန်ပြန်လည်တည်ဆောက်ရေးကူညီရန် နိုင်ငံတကာညီလာခံ စတော့ဟုမ်းတွင်စတင်

စတော့ဟုမ်း စက်တင်ဘာ ၄

**လက်ဘနွန်နိုင်ငံ ပြန်လည်တည်ဆောက်ရေးအတွက် အကူအညီပေးရန် လက်ဘနွန်ထောက်ပံ့ရေးဆိုင်ရာ နိုင်ငံတကာညီလာခံတစ်ရပ်ကို စတော့ဟုမ်းမြို့၌ ကြာသပတေးနေ့တွင် စတင်လိုက်သည်။**

**မျှော်လင့်ရ**

လက်ဘနွန်နိုင်ငံ၏ ပြန်လည်တည်ဆောက်ရေးနှင့် လူသားချင်းစာနာထောက်ထားရေး ကြိုးပမ်းမှုတို့အတွက် အလှူရှင်များက အမေရိကန်ဒေါ်လာသန်း ၅၀၀လှူဒါန်းထည့်ဝင်ကြမည်ဟု မျှော်လင့်ရသည်။

**တက်ရောက်**

ဆွီဒင် နိုင်ငံခြားရေး ဝန်ကြီး ဂျန်အယ်လီယာဆန် အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ညီလာခံသို့ အစိုးရနှင့် ထောက်ပံ့ရေးအသင်းအဖွဲ့ ၆၀ခန့်မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဖော်ပြထား**

စောစောပိုင်း ပြန်လည်တည်ဆောက်ရေး ကြိုးပမ်းမှုများတွင် ဒေါ်လာသန်း ၅၄၀ကုန်ကျမည်ဟု ခန့်မှန်းကြောင်းညီလာခံတင်သွင်းသည့် လက်ဘနွန်အစိုးရ၏ အစီရင်ခံစာ၌ ဖော်ပြထားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

# မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

# ဘဂ္ဂဒက်မြို့၌ သေနတ်သမားများပစ်ခတ်မှု ငါးဦးသေဆုံး

**ဘာကူဘာ စက်တင်ဘာ ၄**

ဘဂ္ဂဒက်အရှေ့မြောက်ပိုင်း ဒီရာလီပြည်နယ်တွင် စက်တင်ဘာ ၃ရက်က သေနတ်သမားများ တိုက်ခိုက်သဖြင့် လူငါးဦး သေဆုံးခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

**ထုတ်ပြန်ကြေညာ**

ယင်းအခင်းဖြစ်ပွားမှုသည် ဘဂ္ဂဒက်မြို့ အရှေ့မြောက်ပိုင်း ကီလိုမီတာ ၁၀၀အကွာတွင်သေနတ်သမားများ၏ ပစ်ခတ်မှုကြောင့် အရပ်သားနှစ်ဦးနှင့် ယာဉ်ထိန်းရဲ သုံးဦးပါဝင်ကြောင်း အဆိုပါ သတင်းဌာနက ထုတ်ပြန်ကြေညာခဲ့သည်။

**အမ်အင်အေ၊ဆင်ဟွာ**

# တိုကျိုမြို့၌မော်တော်ကားအတွင်း သေဆုံးနေသူ အမျိုးသမီးငယ်သုံးဦးအား ရဲတပ်ဖွဲ့ကတွေ့ရှိ

**တိုကျို စက်တင်ဘာ ၄**

ဂျပန်နိုင်ငံ တိုကျိုမြို့တွင် စက်တင်ဘာ ၁ ရက်က မော်တော်ကားတစ်စီးအတွင်းသေဆုံးနေသော အသက် ၂၀ခန့်အမျိုးသမီးငယ်သုံးဦးကို ရဲတပ်ဖွဲ့က တွေ့ရှိခဲ့ကြောင်း ကျိုဒိုသတင်းဌာနက သတင်းထုတ်ပြန်သည်။

**သေဆုံး**

မော်တော်ကားအတွင်း မီးခိုးမှိုင်းစွဲနေသော မိန်းကလေး အလောင်းသုံးလောင်းကို တွေ့ရှိခဲ့ရကြောင်း၊ ၎င်းတို့သည် ကာဗွန်မိုနောဆိုဒ် အဆိပ်များကြောင့် သေဆုံးနေကြရသည်ဟုယူဆရကြောင်း ရဲအရာရှိများက ပြောကြားသည်။

**ပြောကြား**

ထိုမော်တော်ကားကို တိုကျိုမြို့အနောက်ပိုင်း သစ်တောတစ်ခုအတွင်း လမ်းတစ်လမ်း၌ တွေ့ရှိခဲ့ရခြင်းဖြစ်ကြောင်းလည်း ရဲအရာရှိများက ဆက်လက်ပြောကြားသည်။

ထိုမိန်းကလေးများသည် မိမိကိုယ်မိမိသတ်သေသည် သို့မဟုတ် မည်သို့သေဆုံးသည်ကို လေ့လာစုံစမ်းမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်းလည်း ရဲတပ်ဖွဲ့က ပြောကြားသည်။ **အမ်အင်အေ၊အင်ဟွာ**

# တရုတ်နိုင်ငံအလယ်ပိုင်း၌ ပန်ဒါကျောက်ဖြစ်ရုပ်ကြွင်းတွေ့ရှိ

ကျန်ကျို့ စက်တင်ဘာ ၄

**တရုတ်နိုင်ငံအလယ်ပိုင်း၌ ရောမပန်ဒါတစ်ကောင်၏ ကျောက်ဖြစ်ရုပ်ကြွင်းတစ်ခုကို ရှာဖွေတွေ့ရှိခဲ့ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။**

**သိရ**

အဆိုပါပန်ဒါ၏ သွားများကို ဇွန်လက ဟေနန်ပြည်နယ် စူချန်းမြို့ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းကျောက်ဖြစ်ရုပ်ကြွင်းမှာ သမိုင်းမတင်မီကာလက ဖြစ်ပြီး လွန်ခဲ့သောနှစ်ပေါင်း ၁၂၀၀၀၀ ခန့်ကဖြစ်ကြောင်း တရုတ်သိပ္ပံ အကယ်ဒမီမှ သုတေသနပညာရှင် ဟောင်ဝမ်ဘိုက ပြောကြားသည်။

၎င်းဦးဆောင်သော ပညာရှင်အဖွဲ့သည် အဆိုပါကျောက်ဖြစ်ရုပ်ကြွင်းအား နှစ်လနီးပါး ကြာအောင် စစ်ဆေးမှုများ ပြုလုပ်ခဲ့သည်ဟု ဆိုသည်။

**တွေ့ရှိခဲ့**

ပန်ဒါ ကျောက်ဖြစ်ရုပ်ကြွင်းများကို ကျင်လင်းတောင်တန်းများရှိရာ တောင်ပိုင်းပြည်နယ် ၁၀ ခုကျော်၌ တွေ့ရှိခဲ့ကြောင်း သိရသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# ကမ္ဘာ တစ်လွှား ထူးထူး ခြားခြား

# မော်တော်ကားပုံစံစီဒီစက်

**မော်တော်ကားပုံစံ ဂီတသံစဉ်များ နားထောင်နိုင်သော စီဒီစက်တစ်ခုကို တွေ့ရစဉ်။** (ယာပုံ)

ဂျာမနီနိုင်ငံ ဘာလင်မြို့တွင် ပြုလုပ်သည့် တေးဂီတဆိုင်ရာ စက်ပစ္စည်းများ ခင်းကျင်းပြသသောပွဲတွင် မော်တော်ကားပုံစံ စီဒီစက်တစ်ခုမှတေးဂီတသံစဉ်များ နားထောင်နိုင်ခြင်း၊ ရုပ်မြင်သံကြားကြည့်ရှုနိုင်ခြင်း၊ အင်တာနက် ချိတ်ဆက်အသုံးပြုနိုင်ခြင်းတို့ အပါအဝင် အခြားဝန်ဆောင်မှုများ ပြုလုပ်နိုင်ကြောင်း သိရသည်။ **(အင်တာနက်)**





# ကမ္ဘာ့အကြီးဆုံးအသားညှပ်မုန့်

**ကမ္ဘာ့အကြီးဆုံး အသားညှပ်မုန့်တစ်ခုကို တွေ့ရစဉ်။** (ဝဲပုံ)

မက္ကဆီကိုနိုင်ငံ မက္ကဆီကိုစီးတီးမြို့တွင်ရှိသော ဇိုကာလိုရင်ပြင်၌ ကမ္ဘာ့အကြီးမားဆုံးအသားညှပ်ပေါင်မုန့်ချပ်ကို ပြုလုပ်ခဲ့ကြသည်။ ၎င်းအသားညှပ်ပေါင်မုန့်ကြီးကို လူရှစ်ဦးတို့က စုပေါင်းပြုလုပ်ထားခြင်းဖြစ်သည်။ **(အင်တာနက်)**

# သုံးနိုင်ငံ အဝေးပြေးလမ်း တည်ဆောက်

**ပေကျင်း စက်တင်ဘာ ၄**

တရုတ်နိုင်ငံနှင့် ဆက်သွယ်လျက်ရှိသည့် ကာဂျစ်စတန်-ဥဇဘက်ကစ္စတန် အဝေးပြေးလမ်းမကြီး တည်ဆောက်ရေး လုပ်ငန်းသည် ၂၀၀၈ ခုနှစ်တွင် ပြီးစီးမည်ဟု မျှော်လင့်ရကြောင်း တရုတ်နိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာနမှ စက်တင်ဘာ ၁ရက်၌ သတင်းထုတ်ပြန်လိုက်သည်။

**အောင်အောင်မြင်မြင်**

တရုတ်နိုင်ငံအတွင်းရှိ အဝေးပြေးလမ်းပိုင်းသည် ပြီးစီးနေပြီး တရုတ်နိုင်ငံအပြင်ဘက် အစိတ်အပိုင်းလည်း အောင်အောင်မြင်မြင် ပြီးစီးလိမ့်မည်ဖြစ်ကြောင်း ဘဏ္ဍာရေးဝန်ကြီးဌာန နိုင်ငံတကာဌာန ဒုတိယညွှန်ကြားရေးမှူးဂျူကွီကင်က ပြောကြားခဲ့သည်။

**ဖြတ်သန်း**

တရုတ်-ကာဂျစ်စတန်-ဥဇဘက်ကစ္စတန် အဝေးပြေးလမ်းမသည် စုစုပေါင်း ၉၃၇ကီလို မီတာ ရှည်လျားပြီး တရုတ်နိုင်ငံ အနောက်မြောက်ပိုင်းဒေသရှိ ကစ်ရှီးမြို့မှ စတင်ကာ ကာဂျစ်စတန်ကို ဖြတ်သန်း၍ တက်ချ်ကန့်၊ ဥဇဘတ်ကစ္စတန်အထိ ရှည်လျားသည်။ **အမ်အင်အေ၊ဆင်ဟွာ**





**နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် စဉ့်ကူးမြို့နယ် ရွှေပြည်ကျေးရွာတွင် စုပေါင်းတမန်းနှီး၊ မြေသြဇာကြဲပက်၊ ပိုးသတ်ဆေးဖျန်းပွဲကို ကြည့်ရှုအားပေးစဉ်။** (သတင်းစဉ်)

■ ရှေ့ဖုံးမှ

အပင်၄၈၀၀ စိုက်ခင်းတို့ကိုလည်းကောင်း၊ မန္တလေး– မိုးကုတ်ကားလမ်း မိုင်တိုင်အမှတ် (၉၆)ရှိ မိုးကုတ်မြို့နယ် ရွှေညောင်ပင်ကျေးရွာရှိ စိုက်တောင်သူများ၏ ဂရိတ်ဖရုခြံကို ခြံစည်းရိုးအကာအရံအဖြစ် စိုက်ပျိုးထားသော ခြံစည်းရိုးကြက်ဆူပင်များကို လည်းကောင်း၊ မိုင်တိုင်အမှတ်(၉၅) ပြင်ဦးလွင်ခရိုင် မိုးကုတ်မြို့နယ်ရှိ တောင်သူဦးတင်အောင်၏ မြေ၂ဧကတွင် စိုက်ပျိုးဖြစ်ထွန်း အောင်မြင်နေသည့် ရော်ဘာပင် ၄၂၀၀စိုက်ခင်းကို လည်းကောင်း၊ ရော်ဘာပင်အကြားတွင် စားဖိုဆောင်သီးနှံများအဖြစ် သီးညှပ်စိုက်ပျိုးထားမှုကိုလည်းကောင်း၊ မိုးကုတ်မြို့နယ်အတွင်း မန္တလေး–မိုးကုတ်ကားလမ်း တစ်လျှောက် လမ်းဘေးဝဲယာတွင် စိုက်ပျိုးထားသည့် ခြံစည်းရိုးကြက်ဆူပင်နှင့်အရိပ်ရ လေကာပင်များကို လည်းကောင်း၊ ဒေသခံတောင်သူများ၏ ဂရိတ်ဖရုဥယျာဉ်ခြံများတွင် ခြံစည်းရိုးအဖြစ် ကာရံစိုက်ပျိုးထားသည့် ကြက်ဆူပင်များကို လည်းကောင်း၊ မန္တလေး–မိုးကုတ်ကားလမ်း မိုင်တိုင်အမှတ်(၈၂/၅)ရှိ သပိတ်ကျင်းမြို့နယ် ကျောက်လှည်းဘီးကျေးရွာမှ ဦးနိုဆီး၏ ဂရိတ်ဖရုဥယျာဉ်ခြံတွင် ခြံစည်းရိုးအဖြစ် ကာရံစိုက်ပျိုးထားသည့် ကြက်ဆူပင်များ၏ သီးပွင့်နေမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြပြီး ကျောက်ဖျာကျေးရွာရှိ Future Engineering Group ၏ ခြံစည်းရိုးကြက်ဆူပင် ဧက၅၀စီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိရာဒုတိယအထွေထွေမန်နေဂျာ ဦးမြင့်က ကြက်ဆူပင် ၄၃၀၀၀ကျော် ဆက်လက် စိုက်ပျိုးဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

## ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် စိုက်ခင်းအတွင်း ခြံစည်းရိုးကြက်ဆူပင်များကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် ပြင်ဦးလွင်ခရိုင် စဉ့်ကူးမြို့နယ် မာလဲကျေးရွာအနီး ဆည်မြောင်းဦးစီးဌာနက တာဝန်ယူတည်ဆောက်နေသော မာလဲနတ်တောင်ရေလှောင်တမံစီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ မန္တလေးတိုင်း ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအေးသိန်းက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ဒေသခံ ပြည်သူများအတွက် ရေလှောင်တမံစီမံကိန်းကို သတ်မှတ်ချိန်အမီအပြီး တည်ဆောက်ရန်နှင့် တာဝန်ရှိသူအဆင့်ဆင့်က ကြပ်မတ်ဆောင်ရွက်ရေး မှာကြားသည်။

## လိုအပ်သည်များမှာကြား

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ရှုရပ်မှနေ၍ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို လည်းကောင်း၊ မော်တော်ယာဉ်ဖြင့် ရေထိန်းမျှော်စင် တည်ဆောက်မှုနှင့် တူးမြောင်းများ ဖောက်လုပ်ပြီးစီးမှုအခြေအနေကိုလည်းကောင်း၊ စီမံကိန်းလုပ်ငန်းခွင်အတွင်း စက်ယန္တရားများဖြင့် တမံမြေဖို့ခြင်းလုပ်ငန်း၊ ရေစိမ့်တားနံရံတည်ဆောက်ခြင်းလုပ်ငန်းနှင့် ရေပိုလွှဲ တည်ဆောက်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

မာလဲနတ်တောင် ရေလှောင်တမံသည် မာလဲနတ်တောင်ချောင်းကို ဖြတ်၍ တည်ဆောက်ထားသော တမံအမြင့် ၇၂ ပေ၊ အလျားပေ ၁၁၈၅၀ ရှိ မြေသားတမံဖြစ်ပြီး တည်ဆောက်ပြီးစီးပါက စဉ့်ကူးမြို့နယ်အတွင်းရှိ ဆည်ရေသောက်ဧရိယာ ၁၀၀၀၀ ကို သီးထပ်စိုက်ပျိုးခြင်းဖြင့် သီးနှံဧရိယာဧက ၁၄၀၀၀ ကို ဆည်ရေပေးဝေနိုင်ကာ ဒေသစိမ်းလန်းစိုပြည်ရေးနှင့် ဒေသခံပြည်သူများ သောက်သုံးရေဖူလုံရေးအတွက်ပါ အကျိုးပြုနိုင်မည်ဖြစ်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မန္တလေး–မိုးကုတ်ကားလမ်း မိုင်တိုင်အမှတ် (၄၂/၃)ရှိသစ်တောဦးစီးဌာန၏စဉ့်ကူးမြို့နယ်ရှိ ညောင်ဝန်းဘိနယ် ခြံစည်းရိုးကြက်ဆူပင် လေးဧက၊ အပင် ၄၈၀၀ စိုက်ခင်းကို ကြည့်ရှုစစ်ဆေးသည်။

## တက်ရောက်အားပေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် စဉ့်ကူးမြို့နယ် ရွှေပြည်ကျေးရွာရှိ တောင်သူဦးတင်အောင်နှင့် ဦးညွန့်မောင်တို့၏ လယ်မြေများ၌ကျင်းပသည့် စုပေါင်းတမန်းနှီး၊ မြေသြဇာကြဲပက်၊ ပိုးသတ်ဆေးဖျန်းပွဲသို့ တက်ရောက်အားပေးကြပြီး ဒေသခံပြည်သူများအားရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

## ကြည့်ရှုအားပေး

ဆက်လက်၍ မန္တလေး–မိုးကုတ်ကားလမ်း မိုင်တိုင်အမှတ် (၄၀/၇)ရှိ စဉ့်ကူးမြို့နယ် ရွှေပြည်ကျေးရွာ၏ ခြံစည်းရိုးကြက်ဆူပင်စံပြစိုက်ခင်းလေးဧကကိုလည်းကောင်း၊ စဉ့်ကိုင်မြို့နယ် မြန်မာ့စိုက်ပျိုးမွေးမြူရေးလုပ်ငန်း၏ ခြံစည်းရိုးကြက်ဆူမျိုးကွဲများ ယှဉ်ပြိုင်စမ်းသပ်ခြင်း စိုက်ဧက နှစ်ဧကကို လည်းကောင်း၊ မိုင်တိုင်အမှတ်(၃၆/၁မှ ၃၆/၄)ကြားရှိ စဉ့်ကူးမြို့နယ် သစ်တောဦးစီးဌာန၏ ခြံစည်းရိုးကြက်ဆူပင်စိုက်ခင်း နှစ်ဧကနှင့် မတ္တရာမြို့နယ် ပွဲစားကုန်းကျေးရွာ၏ လမ်းဘေးဝဲယာ ခြံစည်းရိုးကြက်ဆူပင်စိုက်ခင်း ၂ဒသမ ၂၂ဧကတို့ကို လည်းကောင်း လှည့်လည်ကြည့်ရှုအားပေးသည်။

## ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် မတ္တရာမြို့နယ် လက္ကောင်းကြီးကျေးရွာအုပ်စု တောင်သူဦးသံချောင်း၏ လယ်မြေ၄ဧက၌ ကျင်းပသည့် ကျေးရွာတောင်သူများ၏ စုပေါင်းတမန်းနှီး၊ မြေသြဇာကြဲပက်၊ ပိုးသတ်ဆေးဖျန်းပွဲသို့ တက်ရောက်အားပေးကြပြီး ဒေသခံ ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

## လိုအပ်သည်များမှာကြား

ညနေပိုင်းတွင်ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီ၏ အမှတ်(၁)စိုက်ပျိုးမွေးမြူရေးခြံ (ရေတံခွန်တောင်) ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးရေးခြံသို့ ရောက်ရှိကြပြီး ပျိုးစင်အမှတ်(၁)နှင့် အမှတ်(၂)တို့၌ ခြံစည်းရိုးကြက်ဆူပင် ပျိုးပင်၄၀၀၀၀ ပျိုးထောင်ထားရှိမှုကို လည်းကောင်း၊ ကြက်ဆူပင်စိုက်ခင်းကို လည်းကောင်း၊ စိုက်ပျိုးမွေးမြူရေးခြံအတွင်းရှိ စိုက်ခင်းများကို မော်တော်ယာဉ်များဖြင့် လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ရှင်းလင်းဆောင်သို့ ရောက်ရှိရာ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်က မြေဧရိယာဧက၁၂၀အတွင်း ကြက်ဆူပင်များစိုက်ပျိုးထားရှိမှုနှင့် ရှင်သန်ဖြစ်ထွန်းမှုအခြေအနေ၊ ထပ်မံတိုးချဲ့စိုက်ပျိုးရန် ပျိုးပင်များပျိုးထောင်ထားရှိမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားသည်။

**(သတင်းစဉ်)**

## မြန်မာ့ရုပ်မြင်သံကြား

**၁၃၆၈ ခုနှစ် တော်သလင်းလဆန်း ၁၄ ရက်၊ (အဖိတ်နေ့)**
**နံနက်ပိုင်း**
**၅-၉-၂၀၀၆ရက် (အင်္ဂါနေ့)**

၇း၀၀ ၁။ ကျေးဇူးတော်ရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ မဟာဝံသမြတ်ဗုဒ္ဓ (ဒုတိယပိုင်း) (ဗုဒ္ဓပါဝစနာ) (ဣန္ဒာသွေ့ ရေးဖွဲ့ပူဇော်၍ မောင်မောင်ကြီး သီဆိုပူဇော်သည်)
၇း၅၀ ၅။ သံသာချိုအေး မင်္ဂလာတေး
၈း၀၀ ၆။ ကဗျာပန်းဥယျာဉ်
၈း၀၅ ၇။ အတီးပြိုင်ပွဲ
၈း၂၀ ၈။ နှောင်းခေတ်တေးပဒေသာ
၈း၃၀ ၉။ ဆပ်သွားတံတား
၈း၄၅ ၁၀။ Let's Go
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၁၆း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၂၀ ၃။ အမှတ် (၃)အခြေခံပညာဦးစီးဌာန၊ တတိယအကြိမ်မြောက် ဓမ္မစကြာဝတ်ရွတ်ပူဇော်ပွဲ (ပထမဆု) (အထက–၁၊ တောင်ဥက္ကလာပ) (အမျိုးသမီးဝတ်ရွတ်အဖွဲ့)
၁၆း၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ–ဒုတိယနှစ်(ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
၁၇း၀၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၇း၁၅ ၆။ **"ဟွန်းသံ"** (ရောနှင့်ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ) (ဒါရိုက်တာ–သက်တင်)
၁၇း၂၀ ၇။ ဆိုကြမယ်၊ ပျော်ကြမယ်
၁၈း၀၀ ၈။ ညနေခင်းသတင်း
၁၈း၃၀ ၉။ မိုးလေဝသအခြေအနေ
၁၈း၃၅ ၁၀။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၁၈း၅၀ ၁၁။ နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ **"တောတွင်းသားငယ်လေး" (အပိုင်း–၆)**
၁၉း၁၀ ၁၂။ ၂၀၀၆ ခုနှစ် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊အတီးပြိုင်ပွဲ (အရေးဘာသာရပ်ဆွေးနွေးခန်း)
၁၉း၂၀ ၁၃။ ၂၀၀၆ ခုနှစ်(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊အတီးပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (မဟာဂီတ) (အခြေခံပညာ ၁၅–၂၀ နှစ်) (အမျိုးသား/အမျိုးသမီး)
၁၉း၄၅ ၁၄။ ဦးခိုက်ဖူးမြော် ရွှေမော်ဓောစေတီတော်
၂၀း၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ **(၃၈)ကြိမ်မြောက် မာဒေးကားဖလား ဘောလုံးပြိုင်ပွဲအုပ်စုပွဲစဉ် (မြန်မာနှင့်ထိုင်း)**
၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **"စပိုင်ချစ်သူ"(အပိုင်း–၂)**
၂၀။ နောက်တစ်နေ့အစီအစဉ်
၂၁။ အစီအစဉ်ပြီး၏။



# မိုးသည်းထန်ရေလွှမ်းမည့်အန္တရာယ် ဗြိတိန်နိုင်ငံပိုမိုကြုံတွေ့ရဖွယ်ရှိ

**ရာသီဥတုပြောင်းလဲမှု အရှိန်ရလာသည်နှင့်အမျှ ဗြိတိန်နိုင်ငံအနေဖြင့် အပူပိုင်းဒေသမိုးကဲ့သို့ မိုးများ ပိုမိုရွာသွန်းလာမည်ကို ကြုံတွေ့နိုင်ကြောင်း နယူးကာဆယ်တက္ကသိုလ် သိပ္ပံပညာရှင်များက ပြောကြားသည်။**

## နှစ် ၄၀ အတွင်း

**ရေလွှမ်းမိုးနိုင်သည့် ရာသီဥတုအခြေအနေများက လွန်ခဲ့သည့် နှစ် ၄၀ အတွင်းတွင် မကြာခဏကြုံခဲ့ရကြောင်း အဆိုပါသိပ္ပံပညာရှင်များက ပြောဆိုသည်။ စကော့တလန်အရှေ့ပိုင်းနှင့် အင်္ဂလန်အရှေ့ပိုင်း၊ မြောက်ပိုင်းကဲ့သို့သော နေရာများတွင် မိုးမုန်တိုင်းများ နှစ်ဆပိုကျရောက်ခဲ့သည်ကိုလည်း တွေ့ရသည် ဆို၏။**

**ဆောင်းရာသီတွင်လည်း မုန်တိုင်းများ ပိုမိုပြင်းထန်လာပြီး ရေလွှမ်းမိုးမှုကာကွယ်ရေးကို ခြိမ်းခြောက်လာနိုင်ကြောင်း။**

**ထိုအတိုင်းသာ ဆက်လက်ဖြစ်ပေါ်နေလျှင် လာမည့်နှစ်များတွင် ရေလွှမ်းမိုးမှုဒဏ် ပိုမိုကြုံတွေ့ရမည်ဖြစ်ကြောင်း သုတေသနအဖွဲ့ဝင် ဒေါက်တာဟေးလေးဖောင်လာက ပြောဆိုသည်။** (ကိုးကား–အင်တာနက်)

# အင်တာနက် သတင်းနှင့်ဓာတ်ပုံ

## အရက်အလွန်အကျွံသောက်သူ မိဘများ၏ကလေးများ စိတ်ပိုင်းဆိုင်ရာ ချွတ်ယွင်းမှုများဖြစ်ပေါ်နိုင်

အရက်အလွန်အကျွံသောက်သူ မိဘများက မွေးဖွားကြီးပြင်းလာရသူကလေးများ၌ စိတ်ပိုင်းဆိုင်ရာ ချွတ်ယွင်းမှုရရှိတတ်ကြောင်း ကျွမ်းကျင်သူများက ပြောဆိုသည်။

## လေးဆပိုများ

အရက်အလွန်အကျွံသောက်သူ မိဘများမှ မွေးဖွားလာသည့်ကလေးများအနေဖြင့် အခြားကလေးများထက် အရက်သောက်တတ်ရန် လေးဆပိုများပြီး မူးယစ်ဆေးဝါးနှင့် လောင်းကစားကိစ္စများတွင် ကျူးလွန်ရန် ပိုမိုအလားအလာရှိကြောင်း တွေ့ရသည်ဟု ဆိုသည်။

ထိုကလေးများ၏ ငယ်စဉ်ဘဝမှာ ပရမ်းပတာဖြစ်မှု၊ စိတ်သောကရောက်မှု၊ ရှုပ်ထွေးမှု၊ အရှက်နှင့်တကွ တစ်ခါတစ်ရံတွင် လိင်နှင့်ကိုယ်ခန္ဓာ ညှဉ်းပန်းမှုဟူသော ထူးခြားသည့် သွင်ပြင်လက္ခဏာတို့ ဖြစ်တတ်သည်။

## အလွန်အကျွံ

အိမ်တွင်းအကြမ်းဖက်မှု ၅၅ ရာခိုင်နှုန်းမှာ အရက်အလွန်အကျွံသောက်သည့် မိသားစုများတွင် ဖြစ်ပေါ်တတ်သည်။ အရက်အလွန်အကျွံ သောက်သူ မိသားစုက အချို့သော ကလေးများမှာ အစဉ်အလာကိုဖျက်ပြီး အရက်ကို စက်ဆုပ်ကာ ယင်းတို့၏ဘဝကို အရက်ကြောင့် အဖျက်ဆီးမခံကြကြောင်းဖြင့် မူးယစ်ဆေးဝါးပါရဂူ ပါမောက္ခမာတင်ပလန့်က ပြောဆိုသည်။

**(ကိုးကား–အင်တာနက်)**

# မုန်တိုင်းငယ် ဩရိဿကမ်းခြေ ဖြတ်ကျော်

ရန်ကုန် စက်တင်ဘာ ၄

**ယမန်နေ့ည မြန်မာစံတော်ချိန် ၉နာရီခွဲတိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိခဲ့သည်။**

**အဆိုပါမုန်တိုင်းငယ်သည် ယနေ့နံနက် မြန်မာစံတော်ချိန် ၆ နာရီခွဲတိုင်းထွာချက်များအရ အိန္ဒိယနိုင်ငံ ဩရိဿကမ်းခြေကို ဘာလဆိုးမြို့အနီးမှ ဖြတ်ကျော်ဝင်ရောက်လျက်ရှိပြီး နောက်၁၂နာရီအတွင်း ကုန်းတွင်းပိုင်းသို့ ဖြတ်ကျော်ဝင်ရောက်သွားမည်ဟု ခန့်မှန်းရသည်။**

(သတင်းစဉ်)

# မီဒီယာနှင့် နည်းပညာအား အသာစီးရနေသည့် နိုင်ငံကြီးအချို့ ၎င်းတို့၏အတွေးအမြင် အယူ

# မိမိတို့ နိုင်ငံသူနိုင်ငံသားတိုင်း အသိအမြင်၊ ဗဟုသုတပြည့်စုံကြွယ်ဝပြီး အမျိုးသားရေးအမြ

# နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုမျက်နှာစာများက စိမ့်ဝင်ထိုးဖောက်လာနေသ





**မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် ပြင်ဦးလွင်မြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၌ ဖွင့်လှစ်သော အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၂၅) သင်တန်းဆင်းပွဲတွင် အမှာစကားပြောကြားစဉ်။**

(သတင်းစဉ်)

✡ ရှေ့ဖုံးမှ

အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ မန္တလေးမြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ဌာနမှူးများ၊ ကထိကများ၊ လက်ထောက်ကထိကများ၊ နည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က သင်တန်းဆင်း အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် အမိပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဘက်ပေါင်းစုံမှာ နိုင်ငံတကာနှင့်ယှဉ်တွဲပြီး ဖွံ့ဖြိုးတိုးတက်စေရအောင် ဆရာ ဆရာမများအပါအဝင် ပြည်သူများ၏ စွမ်းအားဖြင့် အောင်အောင်မြင်မြင် တည်ဆောက်ပေးလျက်ရှိသည်ကို အားလုံးအသိပင် ဖြစ်ကြောင်း။

## အခြေအနေကောင်းများဖြစ်ပေါ်

ရရှိဖြစ်ထွန်းလာနေသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေခံကောင်းများ၏ အကျိုးကျေးဇူးကြောင့် မိမိတို့ပြည်သူများ၊ အမျိုးသားရေးစွမ်းအားစုများ၏ အရည်အသွေးနှင့် စွမ်းပကားမှာ ပိုမိုထက်မြက်အားကောင်းလာလျက်ရှိသည်နှင့်အမျှ မိမိနိုင်ငံသူ နိုင်ငံသားပြည်သူများ၏ အားထုတ်စွမ်းဆောင်နိုင်မှု စွမ်းအားကောင်းများမှာလည်း နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေခံများကို ပိုမိုမြင့်မားခိုင်မာလာစေပြီး အပြန်အလှန်အကျိုးပြု တိုးတက်ဖြစ်ထွန်းနေသည့် အခြေအနေကောင်းများ ဖြစ်ပေါ်နေပြီ ဖြစ်ကြောင်း။

ယင်းသို့ ရရှိဖြစ်ထွန်းနေသည့် ဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်းများ၊ အောင်မြင်ဖြစ်ထွန်းမှု အခွင့်အလမ်းကောင်းများကို အမျိုးသားပညာရည်မြင့်မားမှုစွမ်းအားနှင့် ပေါင်းစပ်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ကို အစွမ်းကုန်မြှင့်တင်ပေးကြရမည့် အချိန်အခါကို ရောက်ရှိနေပြီဖြစ်သည့်အတွက် ဆရာ ဆရာမများအားလုံးက ပညာရေးကဏ္ဍ၏ အမျိုးသားရေးတာဝန်များကို ပိုမိုပြီး တက်တက်ကြွကြွ ကျေကျေပွန်ပွန် ကြိုးစားဆောင်ရွက်ပေးကြရန် လိုအပ်ပါသည်ဟု ပထမဦးစွာ ပြောကြားလိုကြောင်း။

## စံနှစ်မျိုးထား ခွဲခြားဆက်ဆံ

ယနေ့အချိန်အခါမှာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံအဖို့ နိုင်ငံတကာ သိပ္ပံနှင့်နည်းပညာ ဖွံ့ဖြိုးတိုးတက်ပြောင်းလဲမှုများက ဖန်တီးလာသည့် နည်းပညာကွာဟမှု၊ စီးပွားရေးဓနအင်အားကွာခြားမှု၊ ဖွံ့ဖြိုးတိုးတက်ရေး အခွင့်အလမ်းမညီမျှမှုစသည့် စိန်ခေါ်မှုအမျိုးမျိုးကို ရင်ဆိုင်နေရသကဲ့သို့ နိုင်ငံတကာမျက်နှာစာတွင် စံနှစ်မျိုးထားခွဲခြား ဆက်ဆံမှုများက တစ်ဆင့် ဖန်တီးလာသည့် အယူဝါဒရေး၊ ဘာသာရေး၊ လူမျိုးရေးပဋိပက္ခများ၊ အကြမ်းဖက်မှုများ၊ စစ်ပွဲများ၏ဂယက်ရိုက်ခတ်မှုများကိုလည်း အခြားသော ကမ္ဘာ့နိုင်ငံများနည်းတူ ကြုံတွေ့ခံစားနေရသည့် အခြေအနေရှိကြောင်း။

ထို့အပြင် မိမိတို့နိုင်ငံသည် ကိုလိုနီနယ်ချဲ့၏ ဆိုးမွေများဖြစ်သည့် တိုင်းရင်းသားလက်နက်ကိုင်ဆန့်ကျင်မှုများ၊ မူးယစ်ဆေးဝါးအန္တရာယ်များ၊ လမ်းပန်းဆက်သွယ်ရေး အပါအဝင် ဖွံ့ဖြိုးမှုဆိုင်ရာ အခြေခံအဆောက်အအုံများ ချို့တဲ့မှုများ၊ ဒေသအချင်းချင်း ဖွံ့ဖြိုးတိုးတက်မှု ကွာဟမှုများစသည့် သမိုင်းကြောင်း အနိဋ္ဌာရုံများထဲမှ ရုန်းထွက်ပြီး စနစ်သစ် ခေတ်သစ်ကို ဘေးပယောဂ ဟန့်တားနှောင့်ယှက်မှု အဖုံဖုံကြားက ကိုယ့်အားကိုယ်ကိုး တည်ဆောက်နေရချိန် လည်းဖြစ်ကြောင်း။

## တက်ညီလက်ညီ အားထုတ်ကြိုးပမ်း

ဤသို့ အဘက်ဘက်က ကြိုးပမ်းဆောင်ရွက်နေရသည့် အခြေအနေ အချိန်အခါမျိုးတွင် မိမိနိုင်ငံသူ နိုင်ငံသားပြည်သူများ၏ ပညာရည်မြင့်မားမှု၊ အသိအမြင်ဗဟုသုတ ပြည့်စုံကြွယ်ဝမှု၊ စစ်မှန်သည့် ပြည်ထောင်စုစိတ်ဓာတ် ထက်သန် ခိုင်မာမှုစွမ်းအားများဖြင့် နိုင်ငံတကာအဆင့်မီ သိပ္ပံနှင့် နည်းပညာ ဖွံ့ဖြိုးတိုးတက်မှုစွမ်းအားတို့ကို ဟန်ချက်ညီညီပေါင်းစပ်ပြီး တစ်မျိုးသားလုံး တက်ညီလက်ညီ အားထုတ်ကြိုးစားနိုင်မှသာ မိမိတို့ လိုလားတောင့်တသည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးကို အောင်အောင်မြင်မြင် တည်ဆောက်နိုင်မှာဖြစ်ကြောင်း။

ထို့ကြောင့် အမျိုးသားပညာရည်မြင့်မားရေး ကြိုးပမ်းဆောင်ရွက်မှုများ အောင်မြင်ဖြစ်ထွန်းရေးသည် ပြည်သူအများ လိုလားတောင့်တသည့် နိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာရေးနှင့်တကွ နိုင်ငံနှင့်လူမျိုး ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေး အတွက်ပါ ပဓာနကျသည့် အမျိုးသားရေးလိုအပ်ချက်တစ်ရပ်ဖြစ်သည် ဆိုသည်ကို ဆရာ ဆရာမများအားလုံးက နားလည်ခံယူပြီး မိမိနိုင်ငံ၊ မိမိလူမျိုးအတွက် တည်ငြိမ်ခိုင်မာသည့် အနာဂတ်ကို ပညာရေးကဏ္ဍကတစ်ဆင့် ဖန်တီးဖော်ဆောင်ပေးကြပါဟု တိုက်တွန်းမှာကြားလိုကြောင်း။

## အနှစ်(၃၀)နှစ်ရှည်စီမံကိန်း

ပြည်သူများ၏ လိုလားချက်များ၊ နိုင်ငံတော်၏ လိုအပ်ချက်များ ပြည့်မြောက် အောင်မြင်ရေးအတွက် အထောက်အကူပေးရမည့် ပညာရေးကဏ္ဍ၏ လုပ်ငန်းစဉ်များကို အမျိုးသားပညာရည်မြင့်မားရေး အနှစ်(၃၀) နှစ်ရှည်စီမံကိန်းတွင် ရေးဆွဲချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်ကို ဆရာ ဆရာမများ သိရှိပြီးဖြစ်ကြောင်း။

ဤအမျိုးသားပညာရည်မြင့်မားရေးစီမံကိန်းသည် ရှေ့အနှစ်(၃၀)ကို မျှော်မှန်းချမှတ်ထားခြင်းဖြစ်သည်နှင့်အညီ ကာလတို ငါးနှစ်စီမံကိန်းများနှင့် နှစ်စဉ်လုပ်ငန်းစီမံချက်များ ပိုင်းခြားပြီး လုပ်ငန်းများကို နှစ်စဉ် နှစ်တိုင်း ပြန်လည်သုံးသပ်ဆွေးနွေး ဆုံးဖြတ်ချမှတ် ဆောင်ရွက်နေခြင်းဖြစ်သည့်အတွက် အကောင်အထည်ဖော်မှုအပိုင်းမှာ လက်တွေ့ကျရန်နှင့် အခြေခံအဆင့်တွင် အဆင်ပြေချောမွေ့ အောင်မြင်ရန် အရေးကြီးကြောင်း။

## ဟန်ချက်ညီညီ ချိတ်ဆက်ဖြစ်ထွန်း

အလားတူပင် အမျိုးသားပညာရည် မြင့်မားရေးစီမံကိန်းနှင့် လုပ်ငန်းစီမံချက်များ အကောင်အထည်ဖော်မှု အောင်မြင်ဖြစ်ထွန်းမှုအပိုင်းတွင် နိုင်ငံတော်၏ အခြားသော စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တော၊ သတ္တု၊ ကုန်သွယ်ရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှု၊ လူမှုရေးကဏ္ဍအသီးသီးက စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်အောင်မြင်ဖြစ်ထွန်းမှုများနှင့် ဟန်ချက်ညီညီ ချိတ်ဆက် ဖြစ်ထွန်းနေစေရန် လိုအပ်ကြောင်း။

အထူးသဖြင့် နယ်မြေဒေသအသီးသီး၏ ဖွံ့ဖြိုးရေးစီမံကိန်းများ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များနှင့် ပညာရေးကဏ္ဍ၏ ကြိုးပမ်းဆောင်ရွက်မှုများကို ချိတ်ဆက်မိစေရန် အခြေခံပညာ ဆရာ ဆရာမများက နိုးနိုးကြားကြား တက်တက်ကြွကြွဖြင့် လိုက်လျောညီထွေစွာ ကြိုးစားဆောင်ရွက်နေကြရမှာဖြစ်ကြောင်း။

## အထောက်အကူပြု

ထို့ပြင် ပညာရေးဆိုင်ရာမူဝါဒနှင့် အမျိုးသားပညာရည်မြင့်မားရေး စီမံကိန်းလုပ်ငန်းစဉ်များ၊ ရည်မှန်းချက်များနှင့် အခြေခံဒေသက အကောင်အထည်ဖော် ဆောင်ရွက်မှုများသည် တစ်သားတည်းဖြစ်နေစေရမှာဖြစ်ကြောင်း၊ ယင်းမူဝါဒနှင့်လုပ်ငန်းစဉ်များ အောင်မြင်ဖြစ်ထွန်းစေရအောင် ဒေသနှင့် ဆီလျော်သည့် လက်တွေ့လုပ်ဆောင်ချက်များနှင့် အကောင်အထည်ဖော် အထောက်အကူပြုပေးရမှာဖြစ်ကြောင်း၊ ဤဖြစ်စဉ်တွင် အခြေခံပညာ ဆရာ ဆရာမများ အထူးသဖြင့် ကျေးလက်ဒေသကျောင်းများမှာ တာဝန်ထမ်းဆောင်နေကြသည့် ဆရာ ဆရာမများ၏ ကြိုးစားအားထုတ်မှုသည် ပဓာနကျသည့် ကဏ္ဍက ပါဝင်နေကြောင်း။

အခြေခံပညာကဏ္ဍတွင် ချမှတ်ထားသည့် ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေစေရန်၊ နိုင်ငံသားတိုင်း အခြေခံပညာသင်ယူပြီးမြောက်စေရန်၊ အလယ်တန်း၊ အထက်တန်းအဆင့် ကူးပြောင်းသင်ယူမှုနှုန်း မြင့်မားစေရန် ဆိုသည့် မျှော်မှန်းချက်များ အောင်မြင်ရေးမှာ ကျေးလက်ဒေသ စာသင်ကျောင်းများမှာရှိသည့် ဆရာ ဆရာမများ၏ ကျောင်းသူ ကျောင်းသား မိဘများအပေါ် ဦးဆောင်နိုင်မှု၊ စည်းရုံးနိုင်မှု၊ ကူညီဖေးမနိုင်မှုများ ပေါ်တွင် မူတည်နေကြောင်း။

## လိုက်လှဲပျူငှာစွာဆက်ဆံ

အခြေခံပညာ ဆရာ ဆရာမများအနေဖြင့် မြို့ပေါ်နှင့် ကျေးလက် လူတန်းစားစုံ၊ အလွှာစုံနှင့် ဆက်ဆံနေရသည့်အခါတွင် ကျောင်းသူ ကျောင်းသားများ၊ မိဘများအပေါ် အဆင့်အတန်းမခွဲ၊ ဆင်းရဲချမ်းသာ မခွဲခြားဘဲ လှိုက်လှဲပျူငှာစွာ ဆက်ဆံကြရန်၊ တန်းတူညီမျှ ပညာသင်ကြားပေးကြရန်လိုကြောင်း၊ ကျောင်းအပ်နှံရေး ပညာသင်ကြားရေးတို့နှင့် ပတ်သက်ပြီး မိဘများအပေါ် မလိုအပ်သည့် ဝန်ထုပ်ဝန်ပိုး မဖန်တီးမိစေရန်၊ တတ်နိုင်သမျှ ကူညီဖေးမ ပေးနိုင်စေရန် လိုအပ်ကြောင်း။

ယနေ့ နိုင်ငံတော်အစိုးရက ဖန်တီးပေးထားသည့် မူလတန်းလွန်ကျောင်း၊ တွဲဖက်ကျောင်း၊ ကျောင်းခွဲဆိုသည်များမှာ ကျေးလက်နေကျောင်းသူ ကျောင်းသားများ လွယ်လင့်တကူ ဆက်လက်ပညာသင်ယူနိုင်စေရန်၊ တန်းစဉ်တက် ကူးပြောင်းသင်ယူမှုနှုန်း မြင့်မားလာစေရန်၊ အထူးသဖြင့် ကျေးလက်နေ ကျောင်းသူ ကျောင်းသားများအတွက် ပညာသင်ယူနိုင်မှု အခွင့်အလမ်းများ ပိုမိုတိုးပွားလာစေရန်၊ တစ်နည်းအားဖြင့် ကျေးလက်ပညာရည်မြင့်မားရေးကို ထိထိရောက်ရောက် အထောက်အကူဖြစ်နိုင်စေရန်အတွက် ဆောင်ရွက်ပေးထားခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ယင်းမျှော်မှန်းချက်များ အောင်မြင်ပြည့်မြောက်စေရအောင် ဆရာ ဆရာမများအပိုင်းက လက်တွေ့ကျကျ အကောင်အထည်ဖော်ဆောင်ပေးကြပါဟု တိုက်တွန်းမှာကြားလိုကြောင်း။

စာသင်ကျောင်းနှင့် လူ့အဖွဲ့အစည်း အပြန်အလှန်အထောက်အကူဖြစ်စေရန်ဆိုသည့် ရည်မှန်းချက်အောင်မြင်စေရေးအတွက် ကျောင်းတွင်းပညာရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များကို ထိထိမိမိ ဆက်စပ်ပေးနိုင်ရန် လိုကြောင်း။

# အမြင် အယူအဆနှင့် လူနေမှုဓလေ့စရိုက်တို့ ကမ္ဘာ့နိုင်ငံများတွင် စိမ့်ဝင်နိုင်စေရန် ထိုးဖောက်လျက်ရှိ
# ားရေးအမြင်ဓာတ်ခံရှိမှသာ နိုင်ငံတကာဖြစ်စဉ်ဖြစ်ရပ်များကို မှန်ကန်စွာသုံးသပ်ရှုမြင်နိုင်မည်ဖြစ်
# ်လာနေသည့် အယူဝါဒလွှမ်းမိုးမှုများကို မှန်ကန်သည့် အမျိုးသားရေးအသိဖြင့် တွန်းလှန်ဖယ်ရှား

**နိုင်ငံတော်အကြီးအကဲ၏ အမြော်အမြင်ကြီးမားသည့် လမ်းညွှန်မှုနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်နေသော ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များသည် ကျေးလက်ဒေသများတွင် လူနေမှုအဆင့်အတန်းနိမ့်ကျမှုများ၊ အလွန်အမင်း ဆင်းရဲနွမ်းပါးမှုများ၊ ခေတ်နောက်ကျနေမှုများကင်းစင်ပြီး ပြည်သူများလူတန်းစေ့ နေထိုင်နိုင်စေရန်ဆိုသည့် မြင့်မားသည့် ရည်မှန်းချက်များဖြင့် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။**

ကျေးလက်ဒေသများတွင် စားဝတ်နေရေးဖူလုံစေရန်၊ ကျေးလက်ကုန်စည်များ ဈေးကွက်ရောက်ပြီး ကူးသန်းရောင်းဝယ်မှုဖြစ်ထွန်းလာစေရန်၊ ကျေးလက်နေပြည်သူများ စာတတ်မြောက်ပြီး ကျန်းမာရေးနှင့် ညီညွတ်စွာနေထိုင်တတ်သည့် အလေ့အကျင့်နှင့်တကွ အတွေးအခေါ် အယူအဆမြင့်မားရန်၊ ခေတ်နောက်ကျမှုများပပျောက်စေရန် ရည်မှန်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

## ဆက်လက်ထောက်ကူပေး

ဆရာ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ကျေးလက်နေပြည်သူများ အင်တိုက်အားတိုက်ပူးပေါင်း ဆောင်ရွက်မှုများကြောင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ အောင်မြင်ဖြစ်ထွန်းလာသည်နှင့်အမျှ ကျေးလက်ဒေသအသီးသီးမှာ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်မှုအပိုင်းတွင် ကွာဟမှုများ တစ်စထက်တစ်စ နည်းပါးလာနေပြီဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုကြီးတစ်ရပ်လုံး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်သည်အထိ ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်ကို တိုးမြှင့်ပေးနိုင်စေရန်နှင့် ရေရှည်တည်တံ့ခိုင်မြဲစေရန်အတွက် ဆရာ ဆရာမများအားလုံးက ပညာရေးလုပ်ငန်းများနှင့် ဆက်လက်ထောက်ကူပေးကြပါဟု မှာကြားလိုကြောင်း။

ကျောင်းသူ ကျောင်းသားလူငယ်များ၏ စိတ်ဓာတ်၊ အတွေးအမြင်၊ အမူအကျင့်၊ အလေ့အထတို့ကို နိုင်ငံတော်၏လိုလားချက်နှင့်အညီ ဖြစ်ထွန်းလာစေရအောင် ကလေးဘဝအရွယ်ကစပြီး ပြုစုပျိုးထောင် လေ့ကျင့်ပေးရန်လိုကြောင်း။

စာသင်ကျောင်းများကစတင်ပြီး ကျောင်းသူ ကျောင်းသားကလေးငယ်များကို ကျောင်းစည်းကမ်း၊ ရပ်ရွာစည်းကမ်း၊ လူ့စည်းကမ်း၊ လူ့ကျင့်ဝတ်နှင့် နောက်ဆုံးနိုင်ငံ၏စည်းကမ်းဖြစ်သည့် တရားဥပဒေကို လေးစားလိုက်နာကျင့်ကြံနေထိုင်တတ်သည့် အလေ့အထကို ပြုစုပျိုးထောင်ပေးလိုက်နိုင်မည်ဆိုလျှင် နိုင်ငံသူ နိုင်ငံသားတိုင်း တရားဥပဒေကိုလေးစားလိုက်နာကြသည့် အစဉ်အလာကောင်းများဖြစ်ထွန်းလာပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုသည့် နိုင်ငံတော်၏ ဦးတည်ချက်တစ်ရပ်မှာ အောင်မြင်ဖြစ်ထွန်းလာမှာဖြစ်ကြောင်း။

အလားတူပင် မိမိကျောင်းကို ကောင်းအောင်ပြုပြင်ချင်သည့် စိတ်ဓာတ်၊ မိမိပါဝင်သည့်လူ့အဖွဲ့အစည်းကို တိုးတက်ကြီးပွားစေလိုသည့် စိတ်ဓာတ်နှင့် မိမိတစ်နိုင်တစ်ပိုင် ကူညီဆောင်ရွက်ပေးတတ်သည့် အလေ့အကျင့်တို့ကို ပြုစုပျိုးထောင်ပေးလိုက်နိုင်မည်ဆိုလျှင် ရပ်ရွာဒေသဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်တတ်သည့် တိုင်းကျိုးပြည်ဆောင်လူငယ်များဖြစ်လာမှာ အမှန်ပင်ဖြစ်ကြောင်း။

## အမျိုးကောင်းသားသမီးများ

အထူးသဖြင့် ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်အစဉ်အလာများကို ဂုဏ်ယူလေးစားမြတ်နိုး ထိန်းသိမ်းတတ်သည့် စိတ်ဓာတ်၊ ဘာသာရေးအဆုံးအမကို ကိုင်းရှိုင်းလိုက်နာတတ်သည့် စိတ်ဓာတ်၊ တိုင်းရင်းသားညီအစ်ကို မောင်နှမအချင်းချင်း အပြန်အလှန် ချစ်ကြည်လေးစား စာနာထောက်ထားတတ်သည့် စိတ်ဓာတ်တို့ကို ငယ်စဉ်ဘဝကပင် နှလုံးသားထဲစွဲအောင် လေ့ကျင့်ပျိုးထောင်ပေးလိုက်နိုင်မည်ဆိုလျှင် လူကြီးဘဝတွင် ပြည်ထောင်စုကြီး ကမ္ဘာတည်သရွေ့တည်တံ့ခိုင်မြဲအောင် ကာကွယ်ထိန်းသိမ်းစောင့်ရှောက်တတ်သည့် နိုင်ငံ့သားကောင်းများ၊ မိမိအမျိုးအနွယ်နှင့် အမျိုးသားယဉ်ကျေးမှုကို ချစ်ခင်မြတ်နိုးစောင့်ရှောက်မြှင့်တင်တတ်သည့် အမျိုးကောင်းသားသမီးများဖြစ်လာမှာ ဧကန်မလွဲပင်ဖြစ်ကြောင်း။

ဤသို့ လူငယ်လူရွယ်တိုင်းတွင် မိမိနိုင်ငံ၊ မိမိလူမျိုး၊ မိမိတို့၏ ရိုးရာယဉ်ကျေးမှုကို ချစ်ခင်မြတ်နိုးသည့်စိတ်ဓာတ် အခြေခံရှိမှသာ အမျိုးသားရေးအမြင် အစဉ်ထာဝရ ရှင်သန်ထက်မြက်နေမှာဖြစ်ကြောင်း၊ မိမိတို့တိုင်းရင်းသားညီအစ်ကိုမောင်နှမအချင်းချင်း ချစ်ခင်စည်းလုံးသည့်စိတ်ဓာတ် ထက်သန်မှသာ ပြည်ထောင်စုစိတ်ဓာတ် အမြဲထာဝရထက်မြက်ရှင်သန်နေမှာ ဖြစ်ကြောင်း။

## လွှမ်းခြုံထိုးဖောက်

ယနေ့အချိန်အခါကဲ့သို့ သတင်းနှင့်ဆက်သွယ်ရေးနည်းပညာများ၏ တိုးတက်ပြောင်းလဲမှုနှင့်ယှဉ်တွဲပြီး တစ်ကမ္ဘာလုံး ဆက်စပ်ယှက်နွယ်ပြောင်းလဲနေသည့် အချိန်အခါမျိုးတွင် Media အား၊ နည်းပညာအား အသာစီးရနေကြသည့် နိုင်ငံကြီးအချို့သည် သူတို့၏အတွေးအမြင် အယူအဆနှင့် လူနေမှုဓလေ့စရိုက်တို့ကို ကမ္ဘာ့နိုင်ငံအသီးသီးတွင် စိမ့်ဝင်လွှမ်းမိုးနိုင်စေရန် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုမျက်နှာစာများကနေပြီး လွှမ်းခြုံထိုးဖောက်လျက်ရှိနေကြောင်း။

ယင်းသို့အခြေအနေအချိန်အခါမျိုးတွင် မိမိတို့ နိုင်ငံသူနိုင်ငံသားတိုင်းသည် အသိအမြင်၊ ဗဟုသုတ ပြည့်စုံကြွယ်ဝပြီး အမျိုးသားရေးအမြင်ဓာတ်ခံရှိမှသာ နိုင်ငံတကာဖြစ်စဉ်ဖြစ်ရပ်များကို မိမိ၏အမျိုးသားရေး အကျိုးစီးပွားကာကွယ်စောင့်ရှောက်ရေးဆိုသည့် ရှုထောင့်က မှန်ကန်စွာသုံးသပ်ရှုမြင်နိုင်မှာဖြစ်ကြောင်း၊ သို့မှသာ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုမျက်နှာစာများက စိမ့်ဝင်ထိုးဖောက်လာနေသည့် အယူဝါဒလွှမ်းမိုးမှုများကို မှန်ကန်သည့် အမျိုးသားရေးအသိနှင့် တွန်းလှန်ဖယ်ရှားနိုင်မှာဖြစ်ကြောင်း။

## အမျိုးသားရေးစိတ်ဓာတ်

နိုင်ငံတကာအသိအမြင်နှင့် အမျိုးသားရေးစိတ်ဓာတ်တို့ကို ယှဉ်တွဲမွေးမြူပေးနိုင်ပါမှ ကျောင်းသူ ကျောင်းသားလူငယ်များအပါအဝင် မိဘပြည်သူများသည် မြန်မာ့အရေးကို နိုင်ငံတကာ၌ယှဉ်တွဲရှုမြင်နိုင်သည့် စွမ်းအား၊ ကမ္ဘာ့အရေးကို အမျိုးသားရေးအကျိုးစီးပွား၌ ထင်ဟပ်သုံးသပ်နိုင်သည့်စွမ်းအားတို့နှင့် ပြည့်စုံလာမှာဖြစ်ကြောင်း။

ယင်းသို့ အရည်အသွေးစိတ်ဓာတ်တို့နှင့် ပြည့်စုံမှသာလျှင် ပြည်ပကိုအသားလွတ် အားကျအထင်ကြီးမှုနှင့် ပြည်တွင်းမှာ မျက်စိမှိတ်၊ နားပိတ်ပြီး အမြင်ကျဉ်းမြောင်းနေမှု အစွန်းတရားတို့က လွတ်ကင်းအောင်ရှောင်ရှားပြီး နိုင်ငံတကာ့အလယ်တွင် မိမိနိုင်ငံ၊ မိမိလူမျိုး၏အမျိုးသားရေး အကျိုးစီးပွားကို အခါမလပ် စောင့်ရှောက်ကာကွယ်နိုင်မှာဖြစ်ကြောင်း။

ထို့ကြောင့် ဆရာ ဆရာမများအားလုံးက မိမိတို့၏ တပည့်ကျောင်းသူကျောင်းသားများကို ဆင်ခြင်တွေးတောချိန်ဆတတ်သည့် အသိဉာဏ်၊ တွေးခေါ်မြော်မြင်နိုင်သည့် စွမ်းအားတို့နှင့် ပြည့်စုံစေရအောင် လေ့ကျင့်ပျိုးထောင်ပေးရင်း လူငယ်များ၏ စွမ်းအားကို မြှင့်တင်ပေးကြရန် မှာကြားလိုကြောင်း။

## လှုံ့ဆော်ဖန်တီး

**ယနေ့ နိုင်ငံတော်အာဏာကို ဖြတ်လမ်းကရယူလိုသည့် အဖျက်အမှောင့်သမားများသည် ဆူပူအုံကြွ အကြမ်းဖက်မှုများဖြစ်ပေါ်စေအောင် လူငယ်လူရွယ်များကို အယူအဆမှားများ သွတ်သွင်းပြီး မှားယွင်းသည့် ခံစားမှုများကို လှုံ့ဆော်ဖန်တီးလျက်ရှိကြောင်း၊ လူငယ်များတွင် အယူအဆအမှားများ၊ တစ်ယူသန်ရန့်ရင်း ကြမ်းတမ်းသည့်စိတ်များ၊ အကြမ်းဖက်လိုစိတ်များဖြစ်ပေါ်လာအောင် လူငယ်များ၏ နူးညံ့သည့်စိတ်ဓာတ်ကို တစ်လွဲလှုံ့ဆော်ပြီး ဆူပူအုံကြွမှုများဖြစ်အောင် ဖန်တီးနေသည်ကို လူငယ်များ၏ ဆင်ခြင်တုံတရား မြင့်မားစေခြင်းဖြင့်သာ ဟန့်တားနိုင်မှာဖြစ်ကြောင်း။**

ထို့ကြောင့် ဆရာ ဆရာမတို့အနေနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းသာယာမှု အခြေခံကောင်းများက ဖန်တီးဖော်ဆောင်ပေးလာသည့် နိုင်ငံတော်တိုးတက်ဖြစ်ထွန်းမှု ပကတိအခြေအနေမှန်များကို ကျောင်းသူ ကျောင်းသားလူငယ်များ အမှန်အတိုင်း ရှုမြင်သုံးသပ်နိုင်စွမ်းရှိစေရန်နှင့် ဆူပူရမ်းကားမှုများကြောင့် တိုင်းပြည်နစ်နာဆုံးရှုံးခဲ့ရသည့် အနိဋ္ဌာရုံများကို ကျောင်းသူ ကျောင်းသားလူငယ်များ မှန်ကန်သည့်အသိနှင့် မပြတ်သတိရ ဆင်ခြင်နိုင်စေရန်အတွက် လူငယ်များ၏ အသိဉာဏ်စွမ်းအား မြင့်မားသည်ထက် မြင့်မားစေရအောင် ပြုစုပျိုးထောင်ပေးကြပါဟု မှာကြားလိုကြောင်း။

နိုင်ငံတော်အစိုးရအနေနှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်များချမှတ်ပြီး တိုင်းပြည် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးမှသည် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာစေရေးအထိ အမျိုးသားရေးပန်းတိုင်ကို ရှေးရှုပြီး မယိမ်းမယိုင် ကြိုးပမ်းလျှောက်လှမ်းလျက်ရှိနေကြောင်း။



**ဆုပေးအပ် ချီးမြှင့်**

**မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် သင်တန်းသားစံပြဆုရ တောင်သာမြို့နယ် ဆီမီးကန် အခြေခံပညာ အထက်တန်းကျောင်းခွဲမှ အလယ်တန်းပြဆရာ ဦးသန်းနိုင်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။**
(သတင်းစဉ်)

ယခုအခါ ချမှတ်ထားပြီးဖြစ်သည့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒ လမ်းစဉ်(၇)ရပ်၏ ပထမအဆင့်ဖြစ်သည့် အမျိုးသားညီလာခံကြီးကို အလေးအနက်ထားပြီး ကျင်းပပြုလုပ်လျက်ရှိနေကြောင်း၊ တစ်ချိန်တည်းမှာပင် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး အနာဂတ်မှာ မယိမ်းမယိုင် ခိုင်ခိုင်မြဲမြဲရှိစေရန် အခြေခံအုတ်မြစ်ဖြစ်သည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေခံကောင်းများကိုလည်း ခိုင်မာသည်ထက် ခိုင်မာစေရအောင် တည်ဆောက်ပေးလျက်ရှိကြောင်း။

**ပြည်တွင်းပြည်ပ အနှောင့်အယှက် အဖျက်အဆီးအဖုံဖုံကို ရင်ဆိုင်ကျော်လွှားရင်း အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီးဖြစ်ပေါ်လာရေး ကြိုးပမ်းဆောင်ရွက်မှုအဆင့်ဆင့်တွင် နိုင်ငံတော်အစိုးရနှင့် လက်တွဲပူးပေါင်းဆောင်ရွက်သွားကြရမည့် နိုင်ငံသူ နိုင်ငံသားပြည်သူများအားလုံးသည် ပညာရည်မြင့်မားမှု၊ အသိအမြင်ဗဟုသုတ ပြည့်စုံ ကြွယ်ဝမှု၊ တွေးခေါ်မြော်မြင်ဉာဏ်ထက်သန်မှု၊ ဆင်ခြင်တုံတရားဖြင့် ပြည့်ဝမှု၊ ပြည်ထောင်စုစိတ်ဓာတ်ထက်သန်ခိုင်မာမှုစသည့် အရည်အသွေးကောင်းများဖြင့် ပြည့်စုံသည့် နိုင်ငံ့သားကောင်းများဖြစ်စေရန် အထူးလိုအပ်ကြောင်း။**

## ကြိုးပမ်းတည်ဆောက်

အမျိုးသားပညာရည်မြင့်မားမှု စွမ်းအားဖြင့်သာ နိုင်ငံ့သားကောင်း အရည်အသွေးများဖြင့်ပြည့်ဝသော ပြည်သူများဖြစ်လာစေမှာဖြစ်သည့်အတွက် ဆရာ ဆရာမများအားလုံးက ပညာရေးကဏ္ဍ၏ အမျိုးသားရေးတာဝန်များကို နိုင်ငံတော်သစ်တည်ဆောက်ရေးတာဝန်အဖြစ် ခံယူပြီး မိမိနိုင်ငံ၊ မိမိလူမျိုးအတွက် တည်ငြိမ် ခိုင်မာသောအနာဂတ်ကို ပညာရပ်ဆိုင်ရာ စွမ်းပကားဖြင့် ကြိုးပမ်းတည်ဆောက်ပေးကြပါဟု တိုက်တွန်းမှာကြားလိုကြောင်း။

နိဂုံးချုပ်အနေနှင့်ပြောလိုသည်မှာ–

- **ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးမှ အစပြုပြီး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး ပေါ်ထွန်းလာစေရေးအတွက် ရည်မှန်းပြီး အမျိုးသားပညာရည်မြင့်မားမှုစွမ်းအားကို ပညာရေးကဏ္ဍက တစ်ဆင့် ကြိုးပမ်းတည်ဆောက်ပေးကြပါ။**
- **မိမိနိုင်ငံ၊ မိမိလူမျိုးရဲ့ အနာဂတ်ကို အမျိုးသားရေးလမ်းကြောင်းမှန်ပေါ်မှာ တည့်မတ်ခိုင်မာစွာ ဖြစ်ထွန်းနေစေရအောင် ထိန်းသိမ်းစောင့်ရှောက်ပေးနိုင်ရေးအတွက် နိုင်ငံတော်ရှေ့ဆက် လျှောက်လှမ်းရမယ့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော် ဖြစ်ထွန်းရေးအပါအဝင် အမျိုးသားရေးတာဝန်အရပ်ရပ်ကို ကျရာအခန်းကဏ္ဍက ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါ**

ဟု တိုက်တွန်းပြောကြားသွားသည်။

## ဆုများချီးမြှင့်

ထို့နောက် မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က သင်တန်းသားစံပြဆုရ ကသအမှတ်(အီး–၈၉) မန္တလေးတိုင်း တောင်သာမြို့နယ် ဆီမီးကန် အခြေခံပညာအထက်တန်းကျောင်းခွဲ အလယ်တန်းပြဆရာ ဦးသန်းနိုင်ဦး၊ သင်တန်းသူစံပြဆုရ ကသအမှတ်(အေ–၇၁) မကွေးတိုင်း မင်းတုန်းမြို့နယ် ကံပိုင်အခြေခံပညာအထက်တန်းကျောင်းခွဲ အလယ်တန်းပြဆရာမ ဒေါ်သင်းသင်းမြတ်၊ သင်တန်းသား ဖွဲ့လုံ့လဆုရ ကသအမှတ်(အီး–၁၅၀) မကွေးတိုင်း အောင်လံမြို့နယ် ဧယျာဝတီအမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း မူလတန်းပြဆရာ ဦးမောင်မောင်ချစ်၊ သင်တန်းသူ ဖွဲ့လုံ့လဆုရ ကသအမှတ်(ဒီ–၅) ကချင်ပြည်နယ် မြစ်ကြီးနားမြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း အလယ်တန်းပြဆရာမ ဒေါ်ထုဆမ်နှင့် ကသအမှတ်(ဘီ–၁၃၀) မန္တလေးတိုင်း ပျော်ဘွယ်မြို့နယ် တလင်းကုန်းကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း ကျောင်းအုပ် ဒေါ်မြင့်မြင့်အေးတို့အား ဆုများကို ချီးမြှင့်ပေးအပ်သည်။

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က စံပြ အဆောင်ဆုရ သင်တန်းသားတပ်ခွဲ(၁) အဆောင်(၁)နှင့် သင်တန်းသူ တပ်ခွဲ(၅) အဆောင်(၁)တို့ကိုလည်းကောင်း၊ တပ်ခွဲအလိုက် သင်တန်းသားခေါင်းဆောင်များမှတစ်ဆင့် သင်တန်းဆင်းအောင်လက်မှတ်များကို သင်တန်းသား သင်တန်းသူများအားလည်းကောင်း ပေးအပ်သည်။

## ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်

ထို့နောက် သင်တန်းသား သင်တန်းသူများက လောကချမ်းသာ အဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအတွက် လှူဒါန်းငွေ၊ ပုဂံရှေးဟောင်း ဘုရားပုထိုးများ ပြုပြင်မွမ်းမံထိန်းသိမ်းရေးအတွက် လှူဒါန်းငွေ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွက် လှူဒါန်းငွေ၊ အမျိုးသားညီလာခံအား ဂုဏ်ပြုလှူဒါန်းငွေ၊ စွယ်တော်မြတ်စေတီတော် (မန္တလေး) အတွက် လှူဒါန်းငွေနှင့် ပြင်ဦးလွင်မြို့နယ် ဇီးပင်ကြီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲအတွက် လှူဒါန်းငွေများ အပါအဝင် ငွေကျပ်ငါးသောင်းကို ပေးအပ်လှူဒါန်းကြရာ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

**(သတင်းစဉ်)**

**နိုင်ငံတော်အကြီးအကဲ၏ အမြော်အမြင်ကြီးမားသည့် လမ်းညွှန်မှုနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်နေသော ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များသည် ကျေးလက်ဒေသများတွင် လူနေမှုအဆင့်အတန်း နိမ့်ကျမှုများ၊ အလွန်အမင်း ဆင်းရဲနွမ်းပါးမှုများ၊ ခေတ်နောက်ကျနေမှုများကင်းစင်ပြီး ပြည်သူများ လူတန်းစေ့ နေထိုင်နိုင်စေရန်ဆိုသည့် မြင့်မားသည့် ရည်မှန်းချက်များဖြင့် ဆောင်ရွက်နေခြင်းဖြစ်။**

# (၄၁)နှစ်မြောက် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ ဂုဏ်ပြုကြိုဆို

**၂၀၀၆ခုနှစ် စက်တင်ဘာလ၈ရက်နေ့သည် (၄၁)နှစ်မြောက် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ဖြစ်သည်။**

သမိုင်းကြောင်းကို ပြန်လည်တင်ပြရပါက ယူနက်စကိုအဖွဲ့၏ ဦးဆောင်မှုဖြင့် ၁၉၆၅ခုနှစ် စက်တင်ဘာလ၈ရက်နေ့မှ ၁၉ရက်နေ့အထိ အီရန်နိုင်ငံ တီဟီရန်မြို့၌ကျင်းပခဲ့သော ကမ္ဘာ့စာတတ်မြောက်ရေးကွန်ဂရက် (A World Literacy Congress)က ကွန်ဂရက်စတင်ကျင်းပဖြစ်ခဲ့သည့် စက်တင်ဘာလ၈ရက်နေ့ကို အကြောင်းပြု၍ နှစ်စဉ်နှစ်တိုင်း ထိုစက်တင်ဘာလ၈ရက်နေ့ကို ယူနက်စကိုအဖွဲ့ချုပ်ကြီးက နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ (International Literacy Day)အဖြစ် သတ်မှတ်ပြဋ္ဌာန်းပေးခဲ့သည်။

မြန်မာနိုင်ငံသည် ကျေးရွာဒေသအသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများမှ ဘာသာစာပေယဉ်ကျေးမှုများ သင်ကြားပေးမှုကြောင့် စာတတ်မြောက်မှုအဆင့် မြင့်မားခဲ့သော်လည်း နယ်ချဲ့တို့၏ နှစ်ပေါင်း၁၀၀ ကျော် စိုးမိုးအုပ်ချုပ်မှုအောက်တွင် မြန်မာတို့၏ စာတတ်မြောက်မှုနှုန်းသည် သိသိသာသာ ယုတ်လျော့ကျဆင်းသွားခဲ့သည်ကို ပညာရေးသုတေသီများ၏ ပညာရေးသမိုင်းမှတ်တမ်းများမှ သိရှိရသဖြင့် ဝမ်းနည်းဖွယ်ရာဖြစ်ပေသည်။ ၁၉၄၈ခုနှစ် ဇန်နဝါရီလ ၄ရက်နေ့တွင် လွတ်လပ်သောဘဝသို့ ပြန်လည်ရောက်ရှိလာသည့်အခါတွင် ဦးစွာပထမ နိုင်ငံသားတို့၏ စာတတ်မြောက်မှုရေးရှု၍ စီမံကိန်းများချမှတ်ပြီး ကြိုးပမ်းဆောင်ရွက်ကြရပြန်သည်။

ပြည်ထောင်စု မြန်မာနိုင်ငံ တိုင်းရင်းသားအများပြည်သူတို့အတွင်း စာမတတ်သူများကို စာတတ်မြောက်လာစေရေးအတွက် အများပြည်သူတို့၏ ကြိုးပမ်းအားထုတ်လှုပ်ရှားမှုကို လွတ်လပ်ရေးရပြီး ကာလနောက်ပိုင်း လေ့လာကြည့်ပါလျှင် ခေတ်ကာလအရ–

–၁၉၄၈ခုနှစ်မှ ၁၉၆၂ခုနှစ်ကို ပထမပိုင်းကာလ

–၁၉၆၄ခုနှစ်မှ ၁၉၈၈ခုနှစ်ကို ဒုတိယပိုင်းကာလ

–၁၉၈၈ခုနှစ်မှ ယနေ့ကာလအထိကို တတိယပိုင်းကာလဟူ၍ ကာလသုံးပိုင်း ခွဲခြားနိုင်သည်။

လွတ်လပ်ရေးရပြီးစ မြန်မာနိုင်ငံ၏ စာတတ်မြောက်မှုနှုန်းသည် ၃၅ရာခိုင်နှုန်းသာရှိခဲ့သည်။ ထို့ကြောင့် စာတတ်မြောက်မှု လုပ်ငန်းကို 'လူထုပညာရေးဥပဒေ' ပြဋ္ဌာန်းပြီး 'လူထုပညာရေးကောင်စီ'ကိုဖွဲ့စည်းကာ လူထုပညာရေးစီမံကိန်း၊ ဘဝသစ်ဖန်တီးမှု စီမံကိန်းများဖြင့် အကောင်အထည်ဖော်ခဲ့သည်ကို လေ့လာတွေ့ရှိရသည်။ ၁၉၄၈–၁၉၆၂ခုနှစ် စာတတ်မြောက်ရေး လုပ်ငန်းစဉ်ကို စာပေသမိုင်းပညာရှင်များက 'လူထုပညာရေးမော်ကွန်း'ဟူ၍ မှတ်တမ်းတစ်စောင် ထုတ်ဝေခဲ့သည်။

လွတ်လပ်ရေးရပြီး စာတတ်မြောက်ရေးကြိုးပမ်းမှု ပထမကာလမှာ ၁၉၆၂ခုနှစ်တွင် ပြီးဆုံးခဲ့ပြီး ဒုတိယပိုင်းကာလဖြစ်သည့် ၁၉၆၄–၁၉၈၈ခုနှစ်အတွင်း အခြေခံပညာကို လူတိုင်းသင်ယူနိုင်ခွင့်ရရှိရေးသို့ ရှေးရှုကြိုးပမ်းခဲ့ကြသည်။ ၁၉၆၄–၁၉၈၈ ခုနှစ် ကာလပိုင်း၏ စာတတ်မြောက်ရေး ကြိုးပမ်းလှုပ်ရှားမှုသည် လူထုလှုပ်ရှားမှုစည်းရုံးရေးအသွင်ဖြင့် ကမ္ဘာကျော်အောင် ဆောင်ရွက်ခဲ့ကြသည်။ ၁၉၆၄ခုနှစ် နွေရာသီတွင် မိတ္ထီလာခရိုင် မိတ္ထီလာမြို့နယ် အရှေ့စံပြကျေးရွာ၌ နွေရာသီ 'အ'သုံးလုံးကျေ မျက်ဖွင့်သင်တန်းကို စေတနာ့ဝန်ထမ်းလုပ်အားပေးဆရာများဖြင့် ဖွင့်လှစ်ပို့ချဖြစ်ခဲ့သည်။ ဤသင်တန်းသည်ကား စာတတ်မြောက်ရေး ကြိုးပမ်းမှုဒုတိယပိုင်းကာလ၏ 'ပဏာမ' ရှေ့ပြေး ဆောင်ရွက်မှုပင်ဖြစ်သည်။

ကုလသမဂ္ဂ ယူနက်စကိုအဖွဲ့ကြီး၏ တိုက်တွန်းနှိုးဆော်မှုအရ နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနားကို ၁၉၇၀ပြည့်နှစ်တွင် မိတ္ထီလာခရိုင်တွင် ကျင်းပခဲ့သည်။

၁၉၆၄–၁၉၈၈ခုနှစ် စာတတ်မြောက်ရေး ကြိုးပမ်းမှု ဒုတိယပိုင်းကာလ ၂၄နှစ်အတွင်း စဉ်တိုက်ဆက်တိုက် ကြိုးပမ်းခဲ့မှုတို့ကြောင့် အသက် ၁၅နှစ်အထက် ပြည်သူနှစ်သိန်းလေးသောင်းကျော် စာတတ်မြောက်လာခဲ့သည်။ အဆိုပါ ဒုတိယပိုင်းကာလတွင် မြန်မာနိုင်ငံသည် ကမ္ဘာ့ ကုလသမဂ္ဂယူနက်စကိုအဖွဲ့ကြီးနှင့် ဆက်သွယ်လျက် စာတတ်မြောက်ရေး ကြိုးပမ်းလှုပ်ရှားမှုအဟုန်ကို မြှင့်တင်နိုင်ခဲ့သည်။ မြန်မာနိုင်ငံ၏ စာတတ်မြောက်ရေးကြိုးပမ်းလှုပ်ရှားမှုကို ဂုဏ်ပြုသောအားဖြင့် ၁၉၇၁ ခုနှစ် စက်တင်ဘာလ ၈ရက် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့တွင် **'မိုဟာမက် ရီဇာပါလာဗီ'**ဆု၊ ၁၉၈၁ခုနှစ်တွင် **'နိုမာ'**ဆုများကို ယူနက်စကိုအဖွဲ့ချုပ်က ချီးမြှင့်ခဲ့သည်။ စာတတ်မြောက်ရေး ကြိုးပမ်းမှု ဒုတိယပိုင်းကာလ ၁၉၆၄–၁၉၈၈ခုနှစ်ကို မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာနရှိ ပညာရှင်များပါဝင်သည့်အဖွဲ့က **'မြန်မာနိုင်ငံစာတတ်မြောက်ရေးမော်ကွန်း'**အမည်ဖြင့် စာအုပ်တစ်အုပ် ပြုစုနိုင်ခဲ့သည်။

၁၉၉၆ခုနှစ် ဒီဇင်ဘာလတွင် လူတိုင်းအတွက် ပညာရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းမှုကော်မတီကို နိုင်ငံတော်အဆင့် ဖွဲ့စည်းခဲ့သည်။ အဆိုပါကော်မတီ၏အောက်တွင် 'လူတိုင်းအတွက် ပညာရေးလုပ်ငန်းဆိုင်ရာ ဦးစီးကော်မတီ'နှင့် ပြည်နယ်၊ တိုင်း၊ မြို့နယ်၊ ရပ်ရွာအဆင့်

## အောင်ကြည်ညွန့်(တက္ကသိုလ်)

အသီးသီးတွင် လူတိုင်းအတွက် ပညာရေးလုပ်ငန်းများ ဖွဲ့စည်း၍ စာတတ်မြောက်ရေး လုပ်ငန်းများဆောင်ရွက်ခဲ့သည်။ ၁၉၈၈–၁၉၉၈ တွင် ၁၉၈၈–၁၉၉၀ အထိ ခေတ္တရပ်တန့်သွားခဲ့ပြီး ၁၉၉၀–၁၉၉၅ ခုနှစ်အထိ လုပ်ငန်းအကျိုးပြု ကျောင်းပြင်ပပညာရေး သုတေသနလုပ်ငန်းကို မြန်မာနိုင်ငံပညာရေး သုတေသနအဖွဲ့နှင့် ယူနီဆက်တို့ ပူးပေါင်းဆောင်ရွက်ခဲ့သည်။ လူတိုင်းအတွက် ပညာရေး (Education for All by the year 2000)သို့ ရှေးရှုကြိုးပမ်းဆောင်ရွက်ခဲ့သည်။

ပညာရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံပညာရေး သုတေသနအဖွဲ့ ဦးစီးဌာနကို ကျောင်းပြင်ပ ပညာရေးလုပ်ငန်းများ ဦးစီးဆောင် ရွက်ရန် လုပ်ငန်းပင်မဌာနအဖြစ် တာဝန်ပေးအပ်ခဲ့သည်။ ယူနက်စကိုအဖွဲ့ချုပ်ကြီးက ၁၉၉၀ ပြည့်နှစ်ကို နိုင်ငံတကာ စာတတ်မြောက်ရေးနှစ် (International Literacy Year)အဖြစ်သတ်မှတ်ပြီး ကမ္ဘာ့စာတတ်မြောက်ရေးလုပ်ငန်းကြီးကို တိုက်တွန်းအားပေးခဲ့သည်။ အဆိုပါ ၁၉၉၀ပြည့်နှစ်တွင် ထိုင်းနိုင်ငံ ဂျွန်တီယံမြို့၌ "လူတိုင်းအတွက် ပညာရေးဆိုင်ရာ ကမ္ဘာ့ညီလာခံကြီး"ကျင်းပပြီး "လူတိုင်းအတွက် ပညာရေးဆိုင်ရာ ကမ္ဘာ့ကြေညာစာတမ်း"ကို ညှိနှိုင်းဆွေးနွေးအတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

ဂျွန်တီယံ ကမ္ဘာ့ညီလာခံအပြီး လူတိုင်းအတွက် ပညာရေး Education ° for All (EFA) ဟူသည့် ဝေါဟာရသည် စာတတ်မြောက်ရေး လုပ်ငန်းစဉ်အတွင်း ခေတ်စားလာခဲ့သည်။ အာဖရိကတိုက် ဆီနီဂေါ နိုင်ငံ ဒါကာမြို့တွင် ကမ္ဘာ့ပညာရေးညီလာခံကြီး (World°Education°° Forum)ကို ဧပြီလ ၂၆ ရက်မှ ၂၈ ရက်နေ့အထိ ကျင်းပခဲ့ပြီး လူတိုင်းအတွက်ပညာရေး ဒါကာလုပ်ငန်းအညွှန်းဘောင် (Education for All., Dakar° Frame Work for Action) ကို ချမှတ်ခဲ့သည်။

လူတိုင်းအတွက် ပညာရေးဒါကာရည်မှန်းချက်(၆) ရပ်ကို ချမှတ်ခဲ့ရာ၌ ရည်မှန်းချက် (၄)တွင် "အရွယ်ရောက်ပြီးသူများ (အထူးသဖြင့် အမျိုးသမီးများ)၏ စာတတ်မြောက်မှုအဆင့်အတန်းကို ၂၀၁၅ခုနှစ်တွင် ၅၀ရာခိုင်နှုန်း တိုးတက်ကောင်းမွန်စေရေးနှင့် အရွယ်ရောက်ပြီးသူတိုင်းအတွက် အခြေခံပညာနှင့် စဉ်ဆက်မပြတ် သင်ယူနိုင်မည့် အခွင့်အလမ်းများ တန်းတူညီမျှ ရရှိစေရေး"ဟူသော ရည်မှန်းချက် တိကျစွာဖော်ပြထားသည်ကို တွေ့ရှိရသည်။ ဖော်ပြပါ ဒါကာရည်မှန်းချက် (၄)အရ ကမ္ဘာ့စာတတ်မြောက်ရေးကို တွန်းအားထည့်ပြီး ဆောင်ရွက်ဖြစ်ကြစေရေး အတွက် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက ၂၀၀၁ ခုနှစ် ဒီဇင်ဘာလ ၁၉ရက်နေ့တွင် ကျင်းပသည့် (၅၆)နှစ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံကြီးတွင် ၂၀၀၃ခုနှစ်မှ အစပြု၍ ၂၀၁၂ ခုနှစ် အဆုံးအထိ ဆယ်စုနှစ်ကို ကုလသမဂ္ဂ စာတတ်မြောက်ရေးဆယ်စုနှစ်အဖြစ် ဆုံးဖြတ်သတ်မှတ်ပေးခဲ့သည်။

မြန်မာနိုင်ငံသည် လွတ်လပ်ရေးရရှိပြီးသည့်နောက် ခေတ်အဆက်ဆက် ပြည်သူအများစု စာတတ်မြောက်ရေးကို ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ နိုင်ငံတကာ စာတတ်မြောက်ရေးနှစ်ဖြစ်သည့် ၁၉၉၀ပြည့်နှစ် ဂျွန်တီယံ ပညာရေးညီလာခံမှ ၂၀၀၀ပြည့်နှစ် ဒါကာပညာရေးညီလာခံကြီး ကျင်းပခဲ့သည်အထိ ၁၀ နှစ်တာကာလအတွင်း စာတတ်မြောက်ရေးလုပ်ငန်းစဉ်ကြီးကို 'လူတိုင်းအတွက် ပညာရေး'ဆောင်ပုဒ်နှင့်အညီ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ခဲ့ရာ စာတတ်မြောက်မှုနှုန်း ၉၁ရာခိုင်နှုန်းထိ အောင်မြင်ခဲ့သည်။

၂၀၀၀ ပြည့်နှစ်မှစ၍ အမျိုးသားပညာရည်မြင့်မားရေး ဦးတည်ချက်ဖြင့် ပညာရေးအထူးလေးနှစ်စီမံကိန်းနှင့် အနှစ်၃၀ နှစ်ရှည်စီမံကိန်းတို့အရ လူတိုင်းစာတတ်မြောက်စေရေးအတွက် ကျောင်းသင်ပညာရေးနှင့် ကျောင်းပြင်ပ ပညာရေးအစီအစဉ်နှစ်ရပ်စလုံးဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ပါသည်။ ထို့ကြောင့် ၂၀၀၅ ခုနှစ်တွင် သက်ကြီး စာတတ်မြောက်မှုနှုန်းသည် ၉၄ဒသမ ၁ ရာခိုင်နှုန်းထိ တိုးတက်အောင်မြင်လာခဲ့သည်။

သက်ကြီး စာတတ်မြောက်ရေးအတွက် ကြိုးပမ်းခဲ့ကြရာ၌ အခြေခံစာတတ်မြောက်ရေး ပြီးဆုံးသည့်အခါ 'စဉ်ဆက်ပညာရေး' အစီအစဉ်ကို ယူနက်စကိုအဖွဲ့ချုပ် ပညာရှင်များက ရေးဆွဲထားရှိသည်။ အခြေခံစာတတ်မြောက်ရေးပြီးဆုံးပါက စာဖတ်ရှိန်မြှင့်တင်ရေးအစီအစဉ်၊ ဝင်ငွေ တိုးပွားရေးအစီအစဉ်၊ ဘဝသာယာရေးအစီအစဉ်၊ တစ်ဦးချင်းဝါသနာပါရာ လုပ်ငန်းအစီအစဉ်၊ အနာဂတ်ဦးတည်ပညာရေးအစီအစဉ်နှင့် ကျောင်းတွင်းနှင့် တန်းညှိအစီအစဉ်များကို ဆက်လက်ဆည်းပူးလေ့လာသင်ယူနိုင်အောင် ဖန်တီးပေးထားသည်။

သက်ကြီး စာတတ်မြောက်ရေး၊ ကျောင်းပြင်ပ ပညာရေးလုပ်ငန်းများဆောင်ရွက်ရန် Asia and Pacific Cultural Centre for UNESCO (ACCU) Japan က မြန်မာနိုင်ငံစာတတ်မြောက်ရေး အထောက်အကူပြုပင်မဌာန Myanmar Literacy Resource Centre ကို မြန်မာနိုင်ငံ ပညာရေးသုတေသနဦးစီးဌာန အတွင်းတွင် အစိုးရမဟုတ်သော အဖွဲ့အစည်းအဖြစ် တည်ထောင်ဖွင့်လှစ်ထားရှိပြီး ကျောင်းပြင်ပပညာရေး၊ စဉ်ဆက်ပညာရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ပြန်ကြားရေးဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် နိုင်ငံအဝန်း၌ စာတတ်လာသူများ စာဖတ်ဖြစ်စေရန်နှင့် စာဖတ်ရှိန် မြင့်မားလာစေရန် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ပေါင်း၅၄၇၀၇၃ ကို ကျေးလက်တောရွာများတွင် ထူထောင်ဖွင့်လှစ်ပေးထားပြီးဖြစ်သည်ကို တွေ့ရှိရသည်။ စာဖတ်ရှိန်မြှင့်တင်ရေး၊ စာဖတ်ဝိုင်း၊ စာကြည့်ဝိုင်းများ ထူထောင်ရေးလုပ်ငန်းစဉ်ကို ပြန်ကြားရေးဝန်ကြီးဌာနက ဖြည့်ဆည်းပေးလိုက်ခြင်းဖြစ်သည်။ စာတတ်ပြီးစသူများ စဉ်ဆက်ပညာရေး လုပ်ငန်းစဉ်များကို တစ်ဆက်တစ်စပ်တည်း ဆက်လက်ဆောင်ရွက်နိုင်ရန် ရပ်ရွာ ပညာပဒေသာဌာန ၈၈၇ကိုလည်း နိုင်ငံတစ်ဝန်း ဖွင့်လှစ်တည်ထောင်ပေးထားပြီး လေ့လာရေးဝန်းကျင်ကောင်းများ ဖန်တီးထားရှိသည်။

မြန်မာနိုင်ငံ၏ သမိုင်းစဉ်တစ်လျှောက် ခေတ်စနစ်နှင့် လျော်ညီစွာ ကြိုးပမ်းအားထုတ်ခဲ့ပြီး တတိယကာလပိုင်း အစနှစ်များဖြစ်သော ၁၉၈၈ခုနှစ်မှ ၁၉၉၀ပြည့်နှစ်အထိ လိုအပ်သော ကြိုတင်အစီအစဉ်များကိုစီမံပြီး ပညာရေးဝန်ကြီးဌာန၏ ကြီးကြပ်လမ်းညွှန်မှု၊ လူတိုင်းအတွက် ပညာရေးလုပ်ငန်းဖော်ဆောင်ရေးအဖွဲ့၏ ကြိုးပမ်းဆောင်ရွက်မှု၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ လူမှုရေးစေတနာရှင်များ၊ မိဘပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်ပြီး စာတတ်မြောက်ရေးလုပ်ငန်းစဉ်များကိုကြိုးပမ်းခဲ့ရာ ပညာရေးဝန်ကြီးဌာနသည် ၂၀၀၀ပြည့်နှစ် အမျိုးသားပညာရည်မြင့်မားရေး အထူးလေးနှစ်စီမံကိန်း နှစ်၃၀နှစ်ရှည်စီမံကိန်းများနှင့်ချိတ်ဆက်၍စာတတ်မြောက်ရေးအရှိန်အဟုန်ကို တိုးတက်မြှင့်တင်နေမှုကိုတင်ပြပြီး(၄၁)နှစ်မြောက် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုလိုက်ရပေသည်။








မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းတို့ အထူးအမြန် လူစီးရထား စတင်ပြေးဆွဲသည့် ခရီးစဉ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

✡ ***ကျော့ဖုံးမှ***

**တက်ရောက်**

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်၊ တပ်မတော်အရာရှိကြီးများ၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ၊ မြန်မာ့မီးရထားမှ ဝန်ထမ်းများ၊ ဧည့်သည်များ၊ ဒေသခံပြည်သူများနှင့် ခရီးသွားပြည်သူများ တက်ရောက်ကြသည်။

**စည်းလုံးညီညွတ်မှု**

ရှေးဦးစွာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်စေရေးအတွက် တစိုက်မတ်မတ် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လမ်းပန်းဆက်သွယ်မှု လွယ်ကူမြန်ဆန်ချောမွေ့လာသည်နှင့်အမျှ တိုင်းရင်းသားညီအစ်ကိုအချင်းချင်း အပြန်အလှန်ကူးလူးဆက်ဆံရာက ချစ်ခင်ရင်းနှီးမှု တိုးတက်လာပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပိုမိုခိုင်မြဲစေရေးအတွက် လမ်းပန်းဆက်သွယ်မှုဆိုင်ရာ စီမံကိန်းအများအပြားကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်ကို ကြွရောက်လာသူအားလုံး ကိုယ်တွေ့ပင်ဖြစ်ကြောင်း။

**အချက်အချာ**

နိုင်ငံတော်၏ ဗဟိုချက်မ နေပြည်တော်နှင့် နိုင်ငံအနှံ့ ဒေသများသို့ ရထားလမ်းဆက်သွယ်မှုများကို တိုးချဲ့ဆောင်ရွက်နေသည့်နည်းတူ ရန်ကုန်နှင့် မန္တလေး စီးပွားရေးအချက်အချာဒေသနှစ်ခုကြား ခရီးသည်နှင့်ကုန်စည်စီးဆင်းမှု ပိုမိုအဆင်ပြေချောမွေ့စေရေးအတွက်ကိုလည်း အလေးထား ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကြိုးပမ်းဆောင်ရွက်မှု၏ တစ်စိတ်တစ်ဒေသအဖြစ် ယနေ့ မန္တလေး–ရန်ကုန်နှင့် ရန်ကုန်–မန္တလေး အထူးအမြန်ရထားများကို ပြေးဆွဲခဲ့ခြင်း ဖြစ်ကြောင်း၊ မန္တလေးမြို့သည် စစ်ကိုင်း–မြစ်ကြီးနားရထားလမ်း၊ ရှမ်းမြောက်ဒေသ ရထားလမ်း၊ မတ္တရာ ရထားလမ်း၊ မြင်းခြံ–ပုဂံ ရထားလမ်း၊ မန္တလေး–နေပြည်တော်–ရန်ကုန် ရထားလမ်းများ ဆုံစည်းရာ ဗဟိုချက်မတစ်ခုဖြစ်ကြောင်း၊ မန္တလေးမြို့သည် မြန်မာနိုင်ငံ၏ ရထားခရီးသည် အများဆုံးလမ်းပိုင်းနှစ်ခုဖြစ်သည့် ရန်ကုန်–မန္တလေးလမ်းပိုင်းနှင့် မန္တလေး–မြစ်ကြီးနားလမ်းပိုင်းနှစ်ခု ဆုံစည်းရာမြို့လည်းဖြစ်ကြောင်း၊ ထို့ပြင် မန္တလေးအတွက် လိုအပ်သည့် စားဖိုဆောင်သီးနှံများ၊ ဟင်းသီးဟင်းရွက်များ၊ စားသုံးဆန်များ၊ မွန်ပြည်နယ်မှ ဆားများ၊ အသားငါး အများစုကလည်း ရထားနှင့် သယ်ဆောင်ဝင်ရောက်နေကြောင်း။

**မကြုံဖူးသောတိုးတက်မှု**

နိုင်ငံတော်အစိုးရသည် မိဘပြည်သူများ၏ အခြေခံစားဝတ်နေရေး ပြည့်စုံဖူလုံစေရေး၊ ထိုမှတစ်ဆင့် အဆင့်မြင့်မြင့် စံစားနိုင်ရေးအတွက် စိတ်ရင်းစေတနာမှန်ဖြင့် တစိုက်မတ်မတ် ကြိုးပမ်း ဆောင်ရွက်ပေးခဲ့သည်ကိုလည်း လမ်းပန်းဆက်သွယ်မှုကဏ္ဍတွင် နိုင်ငံသမိုင်းကြောင်းတစ်လျှောက် မကြုံဖူးသော တိုးတက်မှုနှုန်းဖြင့် ဆောင်ရွက်နိုင်ခဲ့သည်ကိုလည်း မိဘပြည်သူများအသိပင် ဖြစ်ကြောင်း။

မန္တလေးတိုင်းအနေဖြင့် ပြည်သူများ၏ စားဝတ်နေရေး၊ လူမှုရေးဘဝ မြှင့်တင်နိုင်ရေးအတွက် အဘက်ဘက်က ဆောင်ရွက်ပေးလျက်ရှိပြီး ရှေ့ဆက်၍လည်း အားသွန်ခွန်စိုက်ဖြင့် ပြည်သူများ၏ စားဝတ်နေရေးအတွက် အရှိန်မြှင့်တင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသွားသည်။

ထို့နောက် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်အောင်မင်းက အထူးအမြန်လူစီးရထား ပြေးဆွဲခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားရာတွင် ရထားပို့ဆောင်ရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ရထားလမ်းသစ်များ တိုးချဲ့ဖောက်လုပ်ခြင်း၊ ရထားခရီးစဉ်များ တိုးချဲ့ပြေးဆွဲခြင်း၊ ကုန်စျေးနှုန်းထိန်းသိမ်းရေးအတွက် ကုန်အမြန်ရထားနှင့် ကုန်စိမ်းအမြန်ရထားများ ပြေးဆွဲခြင်း စသည်တို့ဖြင့် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးလိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း။

**စတင်ထွက်ခွာ**

ဤသို့ ဆောင်ရွက်မှုအစီအစဉ်တစ်ရပ်အနေဖြင့် ယနေ့မှစတင်၍ ရန်ကုန်–မန္တလေး လမ်းပိုင်းတွင် ရန်ကုန်–မန္တလေး အထူးအမြန် လူစီးရထားနှင့် မန္တလေး–ရန်ကုန် အထူးအမြန် လူစီးရထားများကို ပြေးဆွဲပေးမည်ဖြစ်ကြောင်း။

ယခု အထူးအမြန်လူစီးရထားသည် ရန်ကုန်–မန္တလေး ခရီးစဉ်အတွက် ရန်ကုန်ဘူတာမှ နေ့စဉ် ညနေ ၅ နာရီတွင် စတင်ထွက်ခွာပြီး မန္တလေးဘူတာသို့ နောက်တစ်နေ့နံနက် ၇ နာရီတွင် ဆိုက်ရောက်မည်ဖြစ်ကြောင်း၊ မန္တလေး–ရန်ကုန်ခရီးစဉ်အတွက် မန္တလေးဘူတာမှ နေ့စဉ် ညနေ ၄ နာရီ ၁၅ မိနစ်တွင် စတင်ထွက်ခွာပြီး ရန်ကုန်ဘူတာသို့ နောက်တစ်နေ့နံနက် ၆ နာရီ ၄၅ မိနစ်မှာ ဆိုက်ရောက်မည်ဖြစ်ကြောင်း၊ လမ်းခရီးမှာ ပျဉ်းမနားဘူတာ တစ်ခုသာ ရပ်တန့်မည်ဖြစ်ကြောင်း၊ လာမည့် ပွင့်လင်းရာသီကာလတွင် ယခုထက် အမြန်နှုန်း ပိုမိုမြှင့်တင်ပြေးဆွဲသွားမည် ဖြစ်ကြောင်း။

မြန်မာ့မီးရထားအနေဖြင့် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် လက်ရှိ ခရီးသည်ရထား ၂၂၂ စင်း၊ မြို့ပတ်ရထားခရီးစဉ်ပေါင်း ၁၈၅ ခုနှင့် ကုန်ရထား ၂၄ စင်းကို ပြေးဆွဲပေးလျက်ရှိကြောင်း။

**ရထားပို့ဆောင်ရေးဝန်ကြီးဌာန အနေဖြင့် နိုင်ငံတော်အစိုးရ၏ စေတနာများကို ဦးထိပ်ထားပြီး ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေး လိုအပ်ချက်များကို ဖြည့်ဆည်းပေးသွားမည်ဖြစ်**ကြောင်းဖြင့် ပြောကြားသွားသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းတို့က အထူးအမြန် လူစီးရထား စတင်ပြေးဆွဲသည့် ခရီးစဉ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများက မန္တလေး–ရန်ကုန် အထူးအမြန် လူစီးရထားလိုင်းသစ်ပြေးဆွဲမည့် တွဲဆိုင်းသစ်ကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြကာ ရထားလိုင်းသစ်ကို ဖွင့်လှစ်ပေးသည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ယင်းနောက် တိုင်းမှူး၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများက မန္တလေး–ရန်ကုန် အထူးအမြန် လူစီးရထားကို ကြည့်ရှုစစ်ဆေးကြပြီး ရထားဖြင့် စီးနင်းလိုက်ပါကြမည့် ခရီးသည်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ ဖွင့်ပွဲအထိမ်းအမှတ် အမှတ်တရလက်ဆောင်များကို ပေးအပ်ကြသည်။

ထို့နောက် ညနေ ၄ နာရီ ၁၅ မိနစ်တွင် မန္တလေး–ရန်ကုန် အထူးအမြန် လူစီးရထားလိုင်းသစ်စတင်၍ မန္တလေးဘူတာကြီးမှထွက်ခွာရာ ခရီးစဉ်တွင် လိုက်ပါသွားကြမည့် ခရီးသည်များအား တိုင်းမှူး၊ ဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများက ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

**ရထားပို့ဆောင်ရေးဝန်ကြီးဌာန အနေဖြင့် နိုင်ငံတော်အစိုးရ၏ စေတနာများကို ဦးထိပ်ထားပြီး ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေး လိုအပ်ချက်များကို ဖြည့်ဆည်းပေးသွားမည်။**

# ရန်ကုန်–မန္တလေး အထူးအမြန် လူစီးရထား စတင်ပြေးဆွဲလျက်ရှိ

ရန်ကုန်–မန္တလေးလမ်းပိုင်းတွင် အထူးအမြန် လူစီးရထားကို စက်တင်ဘာ ၄ ရက်မှ စတင်ပြေးဆွဲလျက်ရှိရာ ရန်ကုန်–မန္တလေးအထူးအမြန် လူစီးရထားသည် ရန်ကုန်ဘူတာကြီးမှ နေ့စဉ် ညနေ ၅ နာရီတွင်လည်းကောင်း၊ မန္တလေး–ရန်ကုန် အထူးအမြန် လူစီးရထားသည် မန္တလေးဘူတာကြီးမှ နေ့စဉ် ညနေ ၄ နာရီ ၁၅ မိနစ်တွင်လည်းကောင်း ထွက်ခွာမည်ဖြစ်ကြောင်းနှင့် လမ်းခရီးတွင် ပျဉ်းမနားဘူတာ၌သာ ရပ်တန့်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။ မြန်မာ့မီးရထား။



ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်ဝင်း အထူးအမြန် လူစီးရထား စတင်ပြေးဆွဲခြင်းအထိမ်းအမှတ် အမှတ်တရလက်ဆောင်များကို ခရီးသည်များအား ပေးအပ်စဉ်။ (သတင်းစဉ်)

✱ ***ကျော့ဖုံးမှ***

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်းတို့က အထူးအမြန်လူစီးရထားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး အမွှေးနံ့သာများဖြင့် ပက်ဖျန်းပေးကြသည်။

**လက်ဆောင်ပေးအပ်**

ထို့နောက် တိုင်းမှူး၊ မြို့တော်ဝန်၊ ဒုတိယဝန်ကြီးနှင့် ဧည့်သည်များသည် အထူးအမြန်လူစီးရထားပေါ်သို့ တက်ရောက်ကြည့်ရှုကြပြီး ခရီးသည်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး အမြန်လူစီးရထားစတင်ပြေးဆွဲခြင်းအထိမ်းအမှတ် အမှတ်တရလက်ဆောင်ပစ္စည်းများကို ခရီးသည်များအား ပေးအပ်ကြသည်။

အဆိုပါ ရန်ကုန်–မန္တလေး အထူးအမြန် လူစီးရထားတွင် အထက်တန်းအိပ်စင် တစ်တွဲ၊ အထက်တန်းတွဲ နှစ်တွဲနှင့် ရိုးရိုးတန်းတွဲ ၁၂ တွဲပါရှိသည်။ ရန်ကုန်–မန္တလေး အထူးအမြန်ရထားကို ယနေ့မှ စတင်ပြေးဆွဲမည်ဖြစ်ပြီး ရန်ကုန်ဘူတာကြီးမှ နေ့စဉ် ညနေ ၅ နာရီတွင်လည်းကောင်း၊ မန္တလေးဘူတာကြီးမှ နေ့စဉ် ညနေ ၄ နာရီ ၁၅ မိနစ်တွင် လည်းကောင်း ထွက်ခွာမည်ဖြစ်ကြောင်းနှင့် လမ်းခရီးတစ်လျှောက် ပျဉ်းမနားဘူတာ၌သာ ခေတ္တရပ်တန့်မည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

**မာဒေးကားဖလားဘောလုံးပြိုင်ပွဲ**

**မြန်မာနှင့် ထိုင်း ယှဉ်ပြိုင်ကစားပုံများ မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်**

ရန်ကုန် စက်တင်ဘာ ၄

**(၃၈)ကြိမ်မြောက် မာဒေးကားဖလားဘောလုံးပြိုင်ပွဲ အုပ်စုပွဲအဖြစ် မြန်မာလက်ရွေးစင်ဘောလုံးအသင်းနှင့် ထိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားကြပုံများကို စက်တင်ဘာ ၅ ရက်** (ယနေ့) **ည ၈ နာရီ ပြည်တွင်းသတင်းများအပြီးတွင် မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။** (မြန်မာ့အလင်း)

အဆိုပါ အစုန်၊ အဆန် အထူးအမြန် လူစီးရထားများသည် ရန်ကုန်ဘူတာကြီးမှ နေ့စဉ် ညနေ ၅ နာရီတွင်လည်းကောင်း၊ မန္တလေးဘူတာကြီးမှ နေ့စဉ် ညနေ ၄ နာရီ ၁၅ မိနစ်တွင်လည်းကောင်း ထွက်ခွာမည်ဖြစ်ပြီး လမ်းခရီးတွင် ပျဉ်းမနားဘူတာ၌သာ ရပ်တန့်မည်ဖြစ်သည်။

**အထူးအမြန်**

ရန်ကုန်–မန္တလေးနှင့် မန္တလေး–ရန်ကုန် အထူးအမြန် လူစီးရထားများတွင် ရိုးရိုးတန်း ၁၂ တွဲ၊ အထက်တန်းထိုင်ခုံနှစ်တွဲ၊ စားသောက်တွဲ တစ်တွဲနှင့် အထက်တန်း အိပ်ခန်းတစ်တွဲ ပါရှိကြောင်း။

ယနေ့ စတင်ပြေးဆွဲသည့် ရန်ကုန်–မန္တလေး၊ မန္တလေး–ရန်ကုန် အထူး အမြန်ခရီးစဉ် လူစီးရထားတွဲများသည် ၂၀၀၆ ခုနှစ်တွင် နိုင်ငံတော်ဝန်ကြီးချုပ်၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်အတွင်း တရုတ်ပြည်သူ့ သမ္မတနိုင်ငံက ချစ်ကြည်ရေးလက်ဆောင်အဖြစ် ပေးသော လူစီးတွဲ ၁၃၀ မှဖြစ်ပြီး ကျန်ရှိသော တွဲဆိုင်းများကိုလည်း ရန်ကုန်–မန္တလေးခရီးစဉ်၊ နေပြည်တော်–ရန်ကုန်ခရီးစဉ်နှင့် နေပြည်တော်–မန္တလေးခရီးစဉ်တို့၌ ဆက်လက်ပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**



နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် အလှူရှင်များ၏ လှူဒါန်းငွေများကို လက်ခံစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၃ မှ

ထို့နောက် နှစ်ဖက်မိဘများအား အမှူးထား၍ ဦးနိုင်ဝင်း(လက်ထောက်ဌာနမှူး၊ ပန်းဥယျာဉ်နှင့်အားကစားကွင်းများဌာန)-ဒေါ်ချိုမာအေး၊ သမီး မရွှေရည်နိုင်ဝင်း၊ သား မောင်အောင်ဘုန်းပြည့်၊ နှစ်ဖက်သောမိဘမောင်နှမများအားရည်စူး၍ ဦးသိန်းထွန်း-ဒေါ်ခင်ခင် သား သမီး မြေးတစ်စု၊ ဦးလှဘော်-(ဒေါ်ခင်ဝင်း)မိသားစုတို့က ဦးမင်းသန့်-ဒေါ်ခင်ချိုသက်တို့၏သား ထက်အနတ္တမွေးနေ့အလှူအဖြစ်၊ ဒေါ်ခင်အေးမူကွယ်လွန်သည့် (၆)နှစ်မြောက်အားရည်စူး၍ ဦးတင်လှိုင်(New York သောက်ရေသန့်)မိသားစု၊ ကွယ်လွန်သူ မိခင်ကြီး ဒေါ်မြကြည်အားရည်စူး၍ ဦးအေးကြွယ်အားအမှူးထားပြီး သမီး ဒေါ်စောယုနွယ်(နည်းပြ၊ဂျာမန်ဘာသာဌာန၊ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်)၊ ဦးမောင်မောင်ထွေး-ဒေါ်ကြူကြူ မိသားစု၊ ဦးအုံးဖေ-ဒေါ်ကျင်မြိုင်အားရည်စူး၍ ဦးထွန်းအောင်၊ ဦးတင်အေး၊ ဒေါ်သန်းမြင့်၊ ဦးမျိုးအောင်တို့က လှူဒါန်းသောငွေကျပ်၂၅၀၀၀၀ စီကို စည်ပင်သာယာရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ်ဦးမျိုးမြင့်က လက်ခံသည်။

ယင်းနောက် အလှူရှင်များ ကိုယ်စားအလှူရှင်တစ်ဦးက လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းတင်ပြသည်။

**စီမံလုပ်ကိုင်**

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ကျေးလက်ဒေသ သန့်ရှင်းသောသောက်သုံးရေရရှိရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားရာတွင် နိုင်ငံတော်အကြီးအကဲက ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံ ဖြစ်ထွန်းပေါ်ပေါက်ရေးအတွက် ဦးထိပ်ပန်ဆင်ရမည့် ဒို့တာဝန်အရေးသုံးပါးနှင့် ဦးတည်ချက်များချမှတ်ပြီး နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး စီမံကိန်း၊ အထူးဒေသကြီး၂၄ခု၏ ဖွံ့ဖြိုးရေးစီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ် စီမံကိန်းများကို စနစ်တကျ ချိတ်ဆက်ပေါင်းစပ်အကောင်အထည်ဖော်ကာ ပြည်ထောင်စုကြီးတစ်ရပ်လုံး မျှမျှတတ ဖွံ့ဖြိုးရေးကို ရည်မှန်းပြီး စီမံလုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်း။

ထိုသို့ ဆောင်ရွက်ရာတွင် နိုင်ငံတော်ထောက်ပံ့ငွေ၊ စည်ပင်သာယာရေးအဖွဲ့များ၏ ရန်ပုံငွေ၊ စေတနာရှင်ပြည်သူများက လှူဒါန်းငွေ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၊ လူမှုရေးအသင်းအဖွဲ့များနှင့် နိုင်ငံတကာ လူမှုရေးအဖွဲ့အစည်းများမှ ဝိုင်းဝန်းကူညီဆောင်ရွက်နေကြောင်း သိရှိရကြောင်း။

**သန့်ရှင်းသောသောက်သုံးရေ**

အပူပိုင်းဒေသတွင် ရေရရှိရေး ဆောင်ရွက်နေသလို အခြားရေခက်ခဲသော ပြည်နယ်၊ တိုင်းများတွင်လည်း သန့်ရှင်းသောသောက်သုံးရေရရှိရေး အတွက် စည်ပင်သာယာရေးအဖွဲ့များက ဆောင်ရွက်ပေးလျက်ရှိရာ ကျေးရွာပေါင်း ၁၅၁၈၃ ရွာအနက် ၈၄၉၀ရွာကို သန့်ရှင်းသောသောက်သုံးရေရရှိရေး ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရှိရကြောင်း။

ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေး ဆောင်ရွက်နေရာ အပူပိုင်းဒေသ တိုင်းသုံးတိုင်းဖြစ်သည့် စစ်ကိုင်းတိုင်းတွင် ခုနစ်မြို့နယ်၊ မကွေးတိုင်းတွင် ၁၂မြို့နယ်၊ မန္တလေးတိုင်းတွင်၁၁မြို့နယ်စုစုပေါင်း မြို့နယ်၃၀တွင် မြို့နယ်လုံးကျွတ် သန့်ရှင်းသော သောက်သုံးရေရရှိရေးကို ဆောင်ရွက်ပေးနိုင်ခဲ့သကဲ့သို့ ပခုက္ကူခရိုင်လုံးကျွတ် သန့်ရှင်းသော သောက်သုံးရေရရှိရေးကိုလည်း ဆောင်ရွက်နိုင်ခဲ့သောကြောင့် မြို့နယ်လုံးကျွတ်မှသည် ခရိုင်လုံးကျွတ်၊ ခရိုင်လုံးကျွတ်မှသည် တိုင်းလုံးကျွတ်အထိ အရှိန်အဟုန်မြှင့်တင် ကြိုးပမ်းဆောင်ရွက်ကြရန်နှင့် မြို့နယ်လုံးကျွတ် ရေရရှိပြီးသော ကျေးရွာများအား ရေဖူလုံစွာရရှိရေးအတွက် တိုးမြှင့်ဆောင်ရွက်ကြရန်လည်း လိုအပ်ကြောင်း မှာကြားလိုကြောင်း။

**မှတ်တမ်းတင်ဂုဏ်ပြု**

အလှူရှင်များ၏ လှူဒါန်းငွေကို ကိန်းဂဏန်းများဖြင့် ဖော်ပြနိုင်သော်လည်း စေတနာ၊ သဒ္ဓါအားမှာ မဖော်ပြနိုင်အောင် ကြီးမားနေသည်ဟု ယုံကြည်မိပါကြောင်းနှင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် ပြည်သူများမှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးမှုကို နိုင်ငံတော်ကိုယ်စား ကျေးဇူးတင်ရှိပြီး မှတ်တမ်းတင် ဂုဏ်ပြုပါကြောင်းဖြင့် ပြောကြားသည်။

**ကြည့်ရှုစစ်ဆေး**

အလှူငွေပေးအပ်ပွဲအခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူး၊ ဝန်ကြီးများနှင့် အဖွဲ့ဝင်များသည် ခင်းကျင်းပြသထားသော ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိမှု မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုစစ်ဆေးကြသည်။

ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေး ဒွါဒသမအကြိမ် အလှူငွေပေးအပ်ပွဲတွင် အလှူရှင် ၁၀၄ ဦးတို့က အလှူငွေစုစုပေါင်း၉၆၆ဒသမ ၈၄၈၅သိန်း ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

**ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်း အမှတ် ၂၇နေ ဦးပန်းလှ- ဒေါ်အေးအေးမြင့်၊ သမီး မကေသရီလှမိသားစုက မကေသရီလှ၏ မွေးနေ့အထိမ်းအမှတ် ဆွမ်းပဒေသာပင် ငွေကျပ်နှစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့အတွင်းရေးမှူးဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။** (က-ပ)

**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၁၆)ရပ်ကွက် သာသနာဒီပသဲအင်းဂူ ဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက် ဝင်ရာလမ်းဖြစ်သော မဂ္ဂင်လမ်းမကြီး ခင်းရန် မသီသီမာ၏ (၃၇)နှစ်ပြည့် မွေးနေ့ အလှူအဖြစ် အလှူတော်ငွေ ကျပ်တစ်သိန်းကို ကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တ သိရိန္ဒ၏ ရှေ့မှောက်၌ ဩဂုတ် ၃၀ ရက်က ပေးအပ်လှူဒါန်းစဉ်။** (က-ပ)



# ဝန်ကြီးဗိုလ်ချုပ်မောင်ဦးခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ ဒေသဆိုင်ရာဆွေးနွေးပွဲတက်ရောက်ရန် ကိုရီးယားသမ္မတနိုင်ငံသို့ထွက်ခွာ

**နေပြည်တော် စက်တင်ဘာ ၄**

ကိုရီးယားပြည်သူ့သမ္မတနိုင်ငံ ဆိုးလ်မြို့၌ ကျင်းပမည့် အာရှဒေသတွင် အစိုးရအုပ်ချုပ်ရေးလုပ်ငန်းများ ပြုပြင်ပြောင်းလဲမှု အမြင်ချင်းဖလှယ်သည့် ဒေသဆိုင်ရာဆွေးနွေးပွဲသို့ တက်ရောက်ရန် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်မောင်ဦး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်မောင်ဦးခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနဝန်ကြီးဗိုလ်ချုပ်စိုးနိုင်၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်မောင်မောင်သိမ်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးနှင့်အတူ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်သိန်းလည်း အဖွဲ့ဝင်အဖြစ် လိုက်ပါသွားသည်။ **(သတင်းစဉ်)**

## ၁၀ရက်တရားစခန်း

**ရန်ကုန် စက်တင်ဘာ ၄**

ရန်ကုန်မြို့ မဟာစည်သာသနာ့ရိပ်သာများ နာယကဆရာတော် အရှင်ဝိစာရိန္ဒ(သာသနာ့ဓဇဓမ္မာစရိယ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ)ဦးစီးသော မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ကင်မွန်းစခန်း ကျိုက်ထီးရိုးဘုရားလမ်း စိန်ရတနာမဟာစည် သာသနာ့ရိပ်သာတွင် ပထမအကြိမ်၁၀ရက်တရားစခန်းသိမ်းပွဲကို ဩဂုတ် ၂၆ရက်က သာသနာ့ရိပ်သာ၌ ကျင်းပရာ ဆရာတော်ဝိစာရိန္ဒက တရားတော်ဟောကြားခဲ့ကြောင်း သိရသည်။ (၂၉၄)

## MRTV-4 ရုပ်မြင်သံကြား အစီအစဉ်

**၅-၉-၂၀၀၆ (အင်္ဂါနေ့)**

**နံနက်ပိုင်း**

| | |
|---|---|
| ၇:၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇:၀၅ | MRTV-4 စာအုပ်စင်ကဏ္ဍ (စာရေးဆရာအတ္တကျော်နှင့် တွေ့ဆုံခြင်း) |
| ၇:၂၀ | တေးဂီတအစီအစဉ် |
| ၇:၂၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၇:၃၅ | စွမ်းဆောင်ရည်မြင့်မား မီဒီယာသုံးပစ္စည်းများ (အပိုင်း-၁) |
| ၈:၀၀ | မိုးလေဝသခန့်မှန်းချက် |
| ၈:၀၅ | တေးဂီတအစီအစဉ် |
| ၈:၁၀ | ပန်းလှိုင်တံတား |
| ၈:၁၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၈:၂၀ | သဘာဝကပေးတဲ့ အကျိုးအာနိသင် |
| ၈:၃၅ | တေးဂီတအစီအစဉ် |
| ၈:၄၀ | Lovely Brushes Art Works 0f Fourth Solo Show |
| ၈:၅၀ | စစ်ကိုင်းတောင်ရိုး မညှိုးသည့်သာသနာ (အပိုင်း-၁) |
| ၉:၁၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၉:၂၅ | သာဓုခေါ်စေသော် အလင်းအလှူတော် |
| ၉:၄၅ | တေးဂီတအစီအစဉ် |
| ၉:၅၀ | တစ်ပတ်အတွင်း အားကစားသတင်း |
| ၁၀:၀၅ | တေးဂီတအစီအစဉ် |
| ၁၀:၁၀ | နိုင်ငံတကာအနုပညာရေးရာ |
| ၁၀:၃၅ | တေးဂီတအစီအစဉ် |
| ၁၀:၄၀ | ချိုဆိမ့်မွှေးမွှေးသကြားလုံးလေး |
| ၁၀:၅၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၀:၅၅ | Sunday Talk |
| ၁၁:၄၀ | တေးဂီတအစီအစဉ် |
| ၁၁:၄၅ | သစ်သီးဝလံပေါပြည့်ဝေဆာတို့မြေမှာ (မာလကာသီး) |
| ၁၂:၀၀ | MRTV -4 အပိတ် Logo |

**အထက်ပါ ငါးနာရီစာ အစီအစဉ်များကို ည ၂၃:၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။**



# SSA-S ရှက်ဆစ်သောင်းကျန်းသူအဖွဲ့ အကြမ်းဖက်အဖျက်လုပ်ရပ်များ ဆက်လက်ကျူးလွန်နေ အရွယ်မရောက်သေးသည့် ကလေးသူငယ်များအား အတင်းအဓမ္မဖမ်းဆီး လူသစ်စုဆောင်းလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၄**

ရှမ်းပြည်တပ်မတော်(တောင်ပိုင်း) SSA-S အမည်ခံ ရှက်ဆစ်အကြမ်းဖက်သောင်းကျန်းသူအဖွဲ့သည် အပြစ်မဲ့ ပြည်သူလူထုအား သွေးထွက်သံယို သေကျေပျက်စီးစေခြင်းနှင့် ကြောက်ရွံ့ ထိတ်လန့်စေရန် အကြောင်းမဲ့ ပစ်ခတ်သတ်ဖြတ်ခြင်း၊ မိုင်းထောင်ဖုံးခွဲခြင်း၊ ကျေးရွာနေအိမ်များအား မီးရှို့ဖျက်ဆီးခြင်း၊ ရွာသူရွာသားများအား အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်၍ လူသစ်စုဆောင်းခြင်းများဖြင့် နိုင်ငံတော်နှင့် ပြည်သူတို့ကိုသာ အကြမ်းဖက် နှောင့်ယှက် တိုက်ခိုက် အန္တရာယ်ပြုလျက်ရှိသဖြင့် နိုင်ငံတော်အစိုးရက SSA-S ရှက်ဆစ်အဖွဲ့နှင့် ယင်းအဖွဲ့နှင့် ဆက်နွှယ်သည့် အခြားအဖွဲ့များအား ၂၈-၈-၂၀၀၅ ရက်တွင် မတရားအသင်းအဖြစ်လည်းကောင်း၊ SSA-S ရှက်ဆစ်အကြမ်းဖက်သောင်းကျန်းသူအဖွဲ့နှင့် ယင်းအဖွဲ့ဝင်များအား ၂၅-၈-၂၀၀၆ ရက်တွင် အကြမ်းဖက်သူများအဖြစ်လည်းကောင်း ကြေညာထားခဲ့ပြီးဖြစ်သည်။

**လူသစ်စုဆောင်း**

သို့ရာတွင် SSA-S ရှက်ဆစ် အကြမ်းဖက်သောင်းကျန်းသူအဖွဲ့သည် ၎င်းတို့၏အကြမ်းဖက်အဖျက်လုပ်ရပ်များကို ပြန်လည်သုံးသပ် ဆင်ခြင် ပြုပြင်မှုမရှိဘဲ လက်ရဲဇက်ရဲ ဆက်လက်ကျူးလွန်လျက်ရှိရာ SSA-S တပ်မဟာ(၇၅၉) ရင်း(၃၆၅)မှ စစ်ကြောင်းမှူးအဆင့်ရှိ ဖေခွမ် ဦးစီးအင်အား ၁၀ ဦးသည် ဩဂုတ် ၃၁ ရက် ည ၈ နာရီခန့်တွင် ရှမ်းပြည်နယ် (တောင်ပိုင်း) မောက်မယ်မြို့နယ် မိုင်းတုတ်ကျေးရွာအုပ်စု ခိုဆိုင်းရွာသို့ ဝင်ရောက်ပြီး အိုက်လျှံ (၁၇)နှစ် (ဘ)ဦးသုတ၊ အိုက်လျှံအိမ် (၁၆)နှစ် (ဘ)ဦးစိုင်းစိုင်းနှင့် အိုက်ခမ်း (၁၅)နှစ် (ဘ)ဦးခွန်လူတို့ သုံးဦးအား အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင် လူသစ်စုဆောင်းသွားခဲ့ကြောင်း သိရသည်။

**ကလေးသူငယ်များကို လူသစ်စုဆောင်း**

SSA-S ရှက်ဆစ်အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က ထိုကဲ့သို့ ကျေးရွာများသို့ ဝင်ရောက်ပြီး ကလေးသူငယ်များကို လူသစ်အဖြစ် အတင်းအဓမ္မ ဖမ်းဆီးစုဆောင်းလျက်ရှိသဖြင့် ဒေသခံတိုင်းရင်းသားရွာသူရွာသားများသည် ၎င်းတို့၏ ရင်သွေးကလေးငယ်များအတွက် အထူးစိုးရိမ်ပူပန်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ကမ္ဘာတစ်လွှား အားကစား

## ချစ်ကြည်ရေးပွဲ ဘရာဇီးက အာဂျင်တီးနားကို သုံးဂိုးပြတ်နိုင်

စုစည်းတင်ပြသူ
**မောင်မောင်မြင့်ဆွေ**

**လန်ဒန် စက်တင်ဘာ ၄**

ဘရာဇီးနှင့်အာဂျင်တီးနားတို့၏ ချစ်ကြည်ရေး ခြေစမ်းပွဲကို စက်တင်ဘာ ၃ရက်က အင်္ဂလန်နိုင်ငံရှိ အာဆင်နယ်ကလပ်ကွင်းသစ် အီးမရိတ်အားကစားကွင်း၌ ယှဉ်ပြိုင်ကစားရာ ဘရာဇီးက သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ဘရာဇီးအသင်းသည် နည်းပြသစ် ဒွန်ဂါ၏ ဗျူဟာအခင်းအကျင်းကြောင့် အာဂျင်တီးနားအသင်းကို အပေါ်စီးမှ ကစားနိုင်ခဲ့ပြီး ပွဲပြီးသည်အထိ ဘောလုံးပိုင်ဆိုင်မှုများများဖြင့် စိတ်ကြိုက်ကစားခဲ့သည်။ ဘရာဇီးအတွက် ပထမဂိုးကို ရော်ဘင်ဟိုက သွင်းယူပေးပြီး ဒုတိယဂိုးကို ရောဘတ်တိုအဘာဘွန်ဒန်ဇီးအီရိက သွင်းယူပေးကာ တတိယဂိုးကို ကာကာက သွင်းယူပေးခဲ့သည်။



**အာဂျင်တီးနားအသင်းအတွက် ချေပဂိုးသွင်းနိုင်ရန် တိုက်စစ်မှူး တေဗက်ဇ်က ဤသို့ ထိုးဖောက်ကစားခဲ့သည်။**

**မသွင်းနိုင်**

အာဂျင်တီးနား အသင်းတွင် ပူပူနွေးနွေး ဝက်စ်ဟမ်းကလပ်သို့ ရောက်ရှိနေသည့် အာဂျင်တီးနားကစားသမား ကာလို့စ်တေဗက်ဇ် ပါဝင်ကစားသွားပြီး အာဂျင်တီးနားအတွက် ချေပဂိုးများရရှိရေးခြေစွမ်းပြကစားနိုင်ခဲ့သော်လည်း ဂိုးရအောင်မသွင်းနိုင်ခဲ့ချေ။

**ယုံကြည်မှုရရှိ**

ဘရာဇီးနည်းပြ ဒွန်ဂါ၏ ပထမဆုံး ပွဲဦးထွက်အဖြစ် အာဂျင်တီးနားအသင်းကို သုံးဂိုးပြတ်သွင်းနိုင်ခဲ့ခြင်းသည် ဘရာဇီးပရိသတ်၏ ယုံကြည်မှုကို ပိုမိုရရှိသွားခဲ့သည်။

(အင်တာနက်)

## အင်္ဂလန်အသင်း၌ ဘက်ခမ်းပြန်ပါဝင်သင့် အင်္ဂလန်နည်းပြဟောင်း ဂလင်းဟိုဒယ်ပြောကြား

**လန်ဒန် စက်တင်ဘာ ၄**

ဒေးဗစ်ဘက်ခမ်း အနေဖြင့် အင်္ဂလန်ဘောလုံးအသင်း အောင်မြင်မှု ရရှိရေးအတွက် ပြန်လည်ပါဝင်သင့်ကြောင်း အင်္ဂလန် ဘောလုံးအသင်း



**ဒေးဗစ်ဘက်ခမ်း။**

နည်းပြဟောင်း ဂလင်းဟိုဒယ်က ပြောကြားလိုက်သည်။ ကမ္ဘာကျော် ကွင်းလယ်ကစားသမား ဒေးဗစ်ဘက်ခမ်း၏ စွမ်းဆောင်မှုသည် အင်္ဂလန်အသင်းအတွက် လိုအပ်နေဆဲ ဖြစ်သည်ဟု ယုံကြည်နေကြောင်း ၎င်းက ပြောကြားသည်။ ဒေးဗစ်ဘက်ခမ်းသည် ၂၀၀၆ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲအပြီးမှ စတင်ကာ အင်္ဂလန် အသင်းခေါင်းဆောင်နှင့်ကစားသမားအဖြစ်မှ နုတ်ထွက်ခဲ့သူဖြစ်သည်။

**တံခါးဖွင့်**

အင်္ဂလန်နည်းပြသစ် မက်ကလာရင် ကိုင်တွယ်ချိန်မှ စတင်ကာ နုတ်ထွက်ခဲ့သော်လည်း မက်ကလာရင်က ဒေးဗစ်ဘက်ခမ်းအတွက် အင်္ဂလန်အသင်းလူစာရင်းတွင် အမြဲတမ်းတံခါးဖွင့်ထားဆဲဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဒေးဗစ်ဘက်ခမ်းအနေဖြင့်အခက်အခဲနှင့် ဖိအားများ ရှိနေမည်ဖြစ်သော်လည်း အင်္ဂလန်အသင်းသည် တောင့်တင်းခိုင်မာသော အသင်းတစ်သင်းအဖြစ် ရပ်တည်ရေးတွင် ဒေးဗစ်ဘက်ခမ်း ပါဝင်သင့်ကြောင်း ဂလင်းဟိုဒယ်က ပြောဆိုသည်။

(အင်တာနက်)

## အာဖရိကဖလားခြေစစ်ပွဲ ကင်မရွန်းက ရဝမ်ဒါကို သုံးဂိုးပြတ်နိုင်

**ကီဂါလီ စက်တင်ဘာ ၄**

အာဖရိကဖလား ခြေစစ်ပွဲအဖြစ် ရဝမ်ဒါနှင့် ကင်မရွန်းအသင်းတို့ စက်တင်ဘာ ၃ရက်က ရဝမ်ဒါနိုင်ငံ ကီဂါလီမြို့၌ ယှဉ်ပြိုင်ကစားရာ ကင်မရွန်းအသင်းက သုံးဂိုးပြတ်အနိုင်ရရှိသွားသည်။

အာဖရိကဖလားကို လေးကြိမ်ဆွတ်ခူးထားသော ကင်မရွန်းအသင်းက ရဝမ်ဒါအသင်းကို ပွဲချိန် ၅၅မိနစ်အထိ ဂိုးမသွင်းနိုင်ဘဲ ရဝမ်ဒါတို့၏ မာမာတင်းတင်း တုံ့ပြန်ကစားမှုနှင့် ကြုံတွေ့ခဲ့ရသည်။

**အနိုင်ရရှိ**

ပွဲချိန် ၅၅မိနစ်ရောက်မှသာ ကင်မရွန်းအသင်းမှ ဂိုင်ဖရချင်းက အဖွင့်ဂိုးသွင်းယူနိုင်ခဲ့ပြီး၆၂မိနစ်တွင် ဂျရမီက ဒုတိယဂိုး သွင်းယူနိုင်ခဲ့သည်။ ၆၈မိနစ်တွင် လန်ဒရီအင်ဂူမိုက တစ်ဂိုးထပ်သွင်းခဲ့သဖြင့် ကင်မရွန်းတို့ သုံးဂိုးပြတ် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။



**ကင်မရွန်းအတွက် ဒုတိယဂိုး သွင်းသူ ဂျရမီ။**

ယခုပွဲ အနိုင်ရရှိသဖြင့် ကင်မရွန်းအသင်း၏ ဟော်လန်နည်းပြအရီဟာမ်းက သူ့လူများ ကစားပုံကို ကျေနပ်ကြောင်း၊ ယခုကစားသမားဖြင့် နောက်ပွဲများတွင် ဆက်လက် ကစားသွားမည်ဖြစ်ကြောင်း ပြောကြားသွားသည်။

(အင်တာနက်)

## အာဂျင်တီးနားကွင်းလယ်ကစားသမား မက်ချီရာနိုအား မန်ချက်စတာယူနိုက်တက်က ကမ်းလှမ်းထားမှုကို ပယ်ဖျက်



**မက်ချီရာနို။**

**လန်ဒန် စက်တင်ဘာ ၄**

မန်ချက်စတာယူနိုက်တက်အသင်းသည် အာဂျင်တီးနား ကွင်းလယ်ကစားသမား ဂျာဗီယာမက်ချီရာနိုအား ယခုနှစ် ရာသီအတွင်း ခေါ်ယူစာချုပ်ရန် ကမ်းလှမ်းချက်ကို ပယ်ဖျက်လိုက်သည်။

မက်ချီရာနို ၂၂နှစ်နှင့် တိုက်စစ်မှူးကားလို့စ်တေဗက်ဇ်တို့သည် ဘရာဇီးကလပ်အသင်း ကိုရင်သီယန်အသင်းမှ ဝက်စ်ဟမ်းအသင်းသို့ ပြောင်းရွှေ့လာရာ ဩဂုတ် ၃၁ရက်တွင် စာချုပ်ခဲ့ကြကြောင်း သိရသည်။

မိမိတို့သည် တေဗက်ဇ်ကို စိတ်ဝင်စားမှု မရှိကြောင်း၊ မက်ချီရာနိုအား ခေါ်ယူရန် ကမ်းလှမ်းခဲ့သော်လည်း ယခုအခါ ၎င်းအားခေါ်ယူရန် မလိုတော့ကြောင်း မန်ချက်စတာယူနိုက်

ရေးသားတင်ပြသူ
**မြင့်မောင်စိုး**

တက်အမှုဆောင်အရာရှိဒေးဗစ်ဂေးလ်က ပြောကြားသည်။ မိမိတို့သည် မက်ချီရာနိုအား နွေရာသီအစောပိုင်းက ခေါ်ယူရန် ကမ်းလှမ်းခဲ့ပြီး ယခင်သီတင်းပတ်ကလည်းအငှားလာရောက်ကစားရန် ကမ်းလှမ်းခဲ့ကြောင်း မန်ယူအမှုဆောင်အရာရှိက ပြောကြားသည်။

(အင်တာနက်)

## အင်္ဂလန်အသင်း၏မြှုပ်ကွက် အင်ဒိုရာနှင့်ပွဲတွင် ပြသနိုင် တော့တင်ဟမ်တိုက်စစ်မှူးဒီဖိုး ထုတ်ဖော်ပြောကြား

**လန်ဒန် စက်တင်ဘာ ၄**

အင်္ဂလန်အသင်းမန်နေဂျာဟောင်း ဆဗန်ဂိုရန်အဲရစ်ဆင်၏ ၂၀၀၆ ကမ္ဘာ့ဖလားဘောလုံးအသင်းသည် အင်ဒိုရာအသင်းနှင့် ယှဉ်ပြိုင် ကစားရာတွင် ဂျာမိန်းဒီဖိုးက ၎င်း၏ မြှုပ်ကွက်ကိုထုတ်ဖော်ပြသနိုင်ကြောင်း ပြောကြားလိုက်သည်။



**အင်ဒိုရာနှင့်ပွဲတွင် အင်္ဂလန်အသင်းအတွက် နှစ်ဂိုးသွင်းပေးခဲ့သောဒီဖိုး။**

**ယုံကြည်မှုရရှိ**

တော့တင်ဟမ်တိုက်စစ်မှူး ဒီဖိုးသည် ယူရို ၂၀၀၈ ခြေစစ်ပွဲအုပ်စု(င) တွင် အင်္ဂလန်အသင်း၏ ပြိုင်ဘက် အင်ဒိုရာ အသင်းကို ငါးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိရာတွင် နှစ်ဂိုးသွင်းပေးခဲ့သူဖြစ်သည်။

အင်္ဂလန်နည်းပြ မက်ကလာရင်က ယင်းပြိုင်ပွဲ၌ နှစ်ဂိုးသွင်းပေးခဲ့သော ပီတာခရောင့်ချ်ကိုလည်းချီးကျူးခဲ့သည်။ ဒီဖိုးသည် အင်္ဂလန်အသင်းတွင် ဝိန်းရွန်နေနှင့် မိုက်ကယ်အိုဝင်တို့ မပါဝင်ခဲ့သဖြင့် ယူရိုခြေစစ်ပွဲတွင် ပါဝင်ကစားရန် အခွင့်အလမ်းရရှိခဲ့ခြင်းဖြစ်သည်။

**ယုံကြည်မှုရရှိ**

အသက် ၂၅နှစ်အရွယ်ရှိ ပီတာခရောင့်ချ်သည် အင်္ဂလန်အသင်း၌ ၁၀ပွဲ ပါဝင်ကစားရာတွင် စံချိန်တင် ၁၀ဂိုးသွင်းပေးနိုင်ခဲ့သူဖြစ်သည်။ စတီဗင်ဂျရတ်က ခရောင့်ချ်အား ဆာဘော်ဘီချာလ်တန်ကဲ့သို့ အင်္ဂလန် အသင်းအတွက် ၄၉ ဂိုးသွင်းပေးနိုင်သူ ဖြစ်လာလိမ့်မည်ဟု ယုံကြည်ထားသည်။

**ယုံကြည်မှုရရှိ**

ဘော်ဘီချာလ်တန်သည် ၁၉၆၆ခုနှစ်က အင်္ဂလန်အသင်းအား ကမ္ဘာ့ဖလားဖိုလ်စွဲရာတွင် အဓိကစွမ်းဆောင်ပေးခဲ့သော အင်္ဂလန်အသင်း ကစားသမားဖြစ်သည်။ ခရောင့်ချ်သည် အိုးထရက်ဖို့ဒ်၌ အင်္ဂလန်အသင်းအတွက် သုံးပွဲပါဝင် ကစားခဲ့ရာတွင် ခုနစ်ဂိုးသွင်းပေးနိုင်ခဲ့သူ ဖြစ်သည်။

(အင်တာနက်)

## ပို့စ်မောက်ကစားသမား မန်းဒက်စ် ဝီဂန်နှင့် ပွဲတွင် ပါဝင်ကစားနိုင်ဖွယ်ရှိ

**လန်ဒန် စက်တင်ဘာ ၄**

ပေါ်တူဂီကွင်းလယ်ကစားသမား ပီဒရိုမန်းဒက်စ်သည် စက်တင်ဘာ ၉ရက်တွင် ဝီဂန်နှင့် ယှဉ်ပြိုင်ကစားမည့် ပရီမီယာလိဂ်ပွဲစဉ် (၄)ပြိုင်ပွဲတွင် ပို့စ်မောက်အသင်း၌ ပါဝင်ကစားဖွယ်ရှိသည်။



**ဝီဂန်နှင့်ပွဲတွင် ပါဝင်ကစားဖွယ်ရှိသည့် ပီဒရိုမန်းဒက်စ်။**

မန်းဒက်စ် ၂၇ နှစ်သည် ဩဂုတ် ၂၃ ရက်က ပို့စ်မောက်နှင့် မန်စီးတီးတို့ယှဉ်ပြိုင်ရာ၌ မန်စီးတီးနောက်တန်းလူ ဘင်သက်ချာက လက်မောင်းကို တက်နင်းခဲ့သဖြင့် ဒဏ်ရာအနာတရဖြစ်ခဲ့ရသည်။

သက်ချာသည် ယင်းကဲ့သို့ အပြုအမူကြောင့် မန်စီးတီးပွဲတွင် ခြောက်ပွဲ အပိတ်ခံခဲ့ရသည်။ ယခုအခါ မန်းဒက်စ်သည် လေ့ကျင့်ရေးကွင်းသို့ ပြန်လည်ရောက်ရှိနေပြီဖြစ်ကြောင်း လာမည့်သီတင်းပတ် ဝီဂန်နှင့်ပွဲတွင် ပါဝင်ကစားနိုင်လိမ့်မည်ဖြစ်ကြောင်း သိရသည်။

(အင်တာနက်)

## အခွန်ဆိုင်ရာပညာပေးရှင်းလင်းပွဲ တာချီလိတ်၌ကျင်းပ

**တာချီလိတ် ဩဂုတ် ၂၈**

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များ ဦးစီးဌာန ရှမ်းပြည်နယ်၏ အခွန်ဆိုင်ရာ ပညာပေး ရှင်းလင်းပွဲ အခမ်းအနားကို ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ အောင်မြတ်ခန်းမတွင် ဩဂုတ် ၂၅ရက် နံနက် ၉နာရီက ကျင်းပသည်။

**အမှာစကား**

ရှေးဦးစွာ တာချီလိတ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဇော်မိုးအေးက အမှာစကား ပြောကြားသည်။

ဆက်လက်၍ ရှမ်းပြည်နယ် အခွန်ဦးစီးဌာနမှူး ဦးစိုးနိုင်က အခွန်စည်းကြပ်ကောက်ခံမှုဆိုင်ရာများ ရှင်းလင်းတင်ပြပြီး မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးခင်မောင်ဆွေနှင့် ဦးစီးအရာရှိ ဦးအောင်မျိုးဝင်းတို့က အမြတ်ခွန်၊ကုန်သွယ်လုပ်ငန်းခွန်၊ ဝင်ငွေခွန်၊ တံဆိပ်ခေါင်းခွန်နှင့် အောင်ဘာလေ သိန်းဆုခွန်ဆိုင်ရာ သိမှတ်ဖွယ်ရာများကို ရှင်းလင်းတင်ပြကြသည်။**(အောက်ပုံ)** ဆက်လက်၍ ဒုတိယဦးစီးမှူး ဦးစိုင်းထွန်းဆွေက ရှမ်းဘာသာဖြင့် အခွန်ဆိုင်ရာ သိမှတ်ဖွယ်ရာများအား ရှင်းလင်းတင်ပြသည်။

**ဖြေကြား**

ထို့နောက် တာဝန်ရှိသူများက တက်ရောက်လာသူများအား အခွန်ဆိုင်ရာသိရှိလိုသည်များကို ပြန်လည်ဖြေကြား ရှင်းလင်းသည်။ **(က-ပ)**





### ဆက်ကပ်လှူဒါန်း

**ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မိုးညှင်းဝိပဿနာတိုက်သစ် တည်ဆောက်ဆဲ ရွှေရတု စိန်တိုးကျောင်းဆောင်တော်အတွက် သားလေး သုတအောင်၏ ရှစ်နှစ်ပြည့်မွေးနေ့ အထိမ်းအမှတ်အဖြစ် ဖေဖေ ဦးအောင်မြ-မေမေ ဒေါ်မိမိစိန် တို့က ငွေကျပ် ၃၂၀၀၀၀ကို ကျောင်းဖြစ်မြောက်ရေးအဖွဲ့ နာယက ဆရာတော် မိုးညှင်းအရှင် ဣန္ဒကထံ ဆက်ကပ်လှူဒါန်းစဉ်။** (က-ပ)

## အခွန်ဥပဒေဆိုင်ရာ ရှင်းလင်းဆွေးနွေး အမြတ်ခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန်အကြောင်းဆွေးနွေး

**ပျဉ်းမနား ဩဂုတ် ၂၇**

ပျဉ်းမနားခရိုင်နှင့် မြို့နယ်ပြည်တွင်းအခွန်များဦးစီးဌာနက ကြီးမှူးကျင်းပသော အခွန်ဥပဒေဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲကို ဩဂုတ်၂၃ရက် နံနက် ၉နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်ဥက္ကဋ္ဌ ဦးသစ်လွင်နှင့် အဖွဲ့ဝင်များ၊ ပြည်တွင်းအခွန်ဦးစီးဌာန ခရိုင်အခွန်ဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးမြင့်၊ မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်နှင့် အခွန်ထမ်းပြည်သူများ တက်ရောက်ကြသည်။

**ဆွေးနွေး**

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌဦးသစ်လွင်က အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် ခရိုင်အခွန်ဦးစီးမှူး ဦးစိုးမြင့်က အခွန်စည်းကြပ်ကောက်ခံမှု အမျိုးမျိုးနှင့် ပြည်တွင်းအခွန်ဦးစီးဌာနက ဆောင်ရွက်နေသည့် အမြတ်ခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန်အကြောင်း သိကောင်းစရာများနှင့် မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်က အခွန်မပေးကျန်ငွေများအား အရကောက်ခံမှုနှင့် စပ်လျဉ်း၍ ဆွေးနွေးသည်။ **(၁၀၁)**

### ကွတ်ခိုင်မြို့နယ်ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲဖွင့်

**ကွတ်ခိုင် ဩဂုတ် ၂၈**

ကွတ်ခိုင်မြို့နယ် မြို့နယ်ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲ ကွင်းဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၃ရက် ညနေ ၃နာရီက မြို့မအားကစားကွင်းတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးသက်လွင်က အမှာစကား ပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။ ပြိုင်ပွဲသို့ ရပ်ကွက်နှင့်ကျေးရွာအုပ်စုများမှ ဘောလုံးအသင်း ၁၀ သင်း ပါဝင်ယှဉ်ပြိုင်ကြပြီး ကွင်းဖွင့်ပွဲအဖြစ် ကောင်းခါးဘောလုံးအသင်းနှင့် ရပ်ကွက်(၅) ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သည်။

**(မြို့နယ် ပြန်/ဆက်)**

### အမြို့မြို့ အနယ်နယ် သတင်းများ

## ဒေးဒရဲ မြို့နယ်ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်စည်းဝေး၊ ဆုရသူများဆုချီးမြှင့်

**ဒေးဒရဲ စက်တင်ဘာ ၁**

ဧရာဝတီတိုင်း ဒေးဒရဲမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၆)အခမ်းအနားကို ဩဂုတ် ၂၈ရက် နံနက်၈နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ တိုင်းအလုပ်အမှုဆောင် ဒေါ်စိုးစိုးရီ၊ ခရိုင်အသင်းအတွင်းရေးမှူး ဦးအေးကြိုင်နှင့် အလုပ်အမှုဆောင်များ၊ မြို့နယ်အသင်းအတွင်းရေးမှူး ဦးဝင်းနိုင်နှင့် အလုပ်အမှုဆောင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အလှူရှင်များ၊ထူးချွန်အသင်းဝင်ကျောင်းသားများ တက်ရောက်ကြသည်။

**ဆုချီးမြှင့်**

အခမ်းအနားတွင် အလှူရှင်များက အသင်းဝင်များအတွက် အလှူငွေများပေးအပ်ပြီး တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ငါးဘာသာ ဂုဏ်ထူးရှင်တစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင်သုံးဦးနှင့်စာပေပြိုင်ပွဲများတွင် ဆုရသူအသင်းဝင် လေးဦးတို့အား ဆုများချီးမြှင့်ပေးသည်။

**(အောက်ပုံ)**

**(မြို့နယ်ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်း)**



### ဝန်ထမ်းဝတ်စုံနှင့် ပညာသင်စရိတ် ထောက်ပံ့ပေးအပ်

**ကဝ ဩဂုတ် ၂၈**

ကဝမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအား ဝတ်စုံပေးအပ်ပွဲနှင့် မိသားစုဝင်သားသမီးများအား ပညာသင်စရိတ် ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို ဩဂုတ် ၂၃ရက်က မြို့နယ်ရုံး စည်းဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုင်းမောင်လူက အဖွင့်အမှာစကားပြောကြားပြီး တူညီဝတ်စုံများကို ဝန်ထမ်းများကိုယ်စား ဒုတိယဦးစီးမှူး ဦးဇော်လွင်ထူးသို့လည်းကောင်း**(အောက်ပုံ)**၊ မိသားစုဝင် သားသမီးများ၊ ပညာသင် စရိတ်များကို ကျောင်းသူ၊ကျောင်းသားများသို့လည်းကောင်း အသီးသီးထောက်ပံ့ပေးအပ်ကြောင်း သိရသည်။ **(၂၄၀)**



**လားရှိုးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်မှု ချောမွေ့ကောင်းမွန်စေရေးအတွက် ဆောင်ရွက်လျက်ရှိရာ ဩဂုတ်၁၂ရက်က ဆင်တောင်-နောင်လိုင်မြေသားလမ်းမှ ကျောက်ချောလမ်း အဆင့်တိုးမြှင့်၍ ဆောင်ရွက်ရန် ပြည်နယ် စည်ပင်သာယာရေး အဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးရန်နိုင် ကွင်းဆင်း ကြည့်ရှုစစ်ဆေးရာ အမှုဆောင် အရာရှိ ဦးမင်းဟန် ရှင်းလင်းတင်ပြစဉ်။**

(မြို့နယ်စည်ပင်)



## မြန်မာ့အသံ နားဆင်စရာ

**၁၃၆၈ခုနှစ်၊ တော်သလင်းလပြည့်နေ့**
**(ဥပုသ်နေ့)**
**၆-၉-၂၀၀၆ (ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

**ဥပုသ်နေ့ရှိုးဆော်ချက်**

၀၇း၀၀ တရားတော် (ဂရုဓမ္မအခါတော်နေ့ တရားတော်)

**နေ့လယ်ပိုင်း**

၀၉း၀၀ နဝင်္ဂဥပေါသထသီလပေးတရား (ဘဒ္ဒန္တ ဇာဂရာဘိဝံသ အဂ္ဂမဟာပဏ္ဍိတကောဝိဒ)

၁၀း၀၀ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဝင်များ လေ့လာရန် စံသီချင်းများ (အမျိုးသမီး) (ခေတ်ဟောင်း/ကာလပေါ်)
(၁) ဓာတ်တော်ဝေခန်း (ဒေါ်ကြည်အောင်)
(၂) မြိုင် (ရီရီသန့်)
(၃) ဇာတိအာဏာ (စိန်ဂျွန်းခင်မေ)

၁၁း၁၅ စက်မှုစွမ်းအား ခေတ်ကျော်လွှား (တောင်ဒဂုံစက်မှုဇုန်(၂) ထုတ်ယူပီအက်စ်များအကြောင်း)

၁၁း၃၀ ဟောပြောချက် (တော်သလင်းလနှင့် ဂရုဓမ္မအခါတော်နေ့အကြောင်း)

၁၂း၀၀ ယဉ်ကျေးမှုအနုပညာ (စာတတ်မြောက်ရေး ကြိုးပမ်းမှုများ- ဒေါ်စောမုံညင်း)

၁၂း၁၅ နေ့လယ်တရားတော် (တစ်ခုတည်းသော လမ်းမှန်တရားတော်)

၁၂း၂၅ သူ့အတွေးနှင့် သူ့အရေး (အဝေဖန်ခံနည်း နိဿယည်း) (အတ္တကျော်)

၁၂း၃၅ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဝါသနာရှင်အဆင့် လေ့လာရန် မဟာဂီတသီချင်းကြီးများ
(၁) တောတောင်စွယ်(ယိုးဒယား) (ဒေါ်ခင်မြင့်)
ပညာရှင်အဆင့် မဟာဂီတ
(၂) ဖန်ထွေလာ(မွန်) (ကိုမြင့်ဆွေ)

**ညနေပိုင်း**

၁၆း၀၀ နဝဂုဏ ဗုဒ္ဓမာမက နယ်လှည့်သာသနာပြုအဖွဲ့၏ (လယ်တီမဟာသရဏဂုံတော်ကြီး ဓမ္မပူဇာ- အပိုင်း-၂)

၁၇း၀၀ ဆွေးနွေးခန်း (ပဲခူးတိုင်းအနောက်ခြမ်း အုတ်ဖိုမြို့နယ်၊ ကျွန်းကိုင်းကျေးရွာရှိ မိုးကုတ်ဝိပဿနာရာသက်ပန် အမြတ်တမ်းတရားစခန်း ဓမ္မရိပ်သာကြီးအကြောင်း ဆွေးနွေးခန်း)

၁၇း၃၀ အစာနှင့် အာဟာရ (ဘယာကြော်)

၁၇း၄၅ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှုအဆို၊အက၊ အရေး၊ အတီး ပြိုင်ပွဲ ပညာရှင်အဆင့် (ပတ္တလား)အတီး ပြိုင်ပွဲဝင်များ လေ့လာရန်
(၁) အာကာယံထဲ(ပတ်ပျိုး) (ဒေါ်တင်အုန်း)

၁၈း၄၀ စာအုပ်စာပေ လူ့မိတ်ဆွေ
(၁) သမီးများသို့(ကောင်းသန့်)
(၂) ရင်တွင်းခံစားမှုပုံရိပ်များ (ရေနံမြေမောင်မောင်ကြည်)

၁၉း၁၅ ကွက်စိပ် (တွံတေးဒဂုံဆရာညွန့်၏ ဗုဒ္ဓဝင် ရာဟုလာအမွေတောင်းခန်း)

၂၀း၃၀ မေတ္တာလက်ဆောင်ရတေးစီးရီး (စန္ဒာတေးထုတ်လုပ်ရေးမှ မေတ္တာလက်ဆောင်ပေးပို့သည့် ဆုရည်၏ မောင့်မှုပိုင်ရှင်တေးစီးရီး)

၂၀း၅၀ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာ တရားတော်

## ကျန်းမာရေးနှင့်အညီ သန့်ရှင်းလတ်ဆတ်သော အသား၊ ငါးများ ယင်လုံဆန်ခါဖြင့် ဖုံးအုပ်ရောင်းချ

**မိုးကုတ် ဩဂုတ် ၂၉**

မိုးကုတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးများတွင် ရောင်းချလျက်ရှိသော အသား၊ ငါးအရောင်းဆိုင်များနှင့် ဟင်းသီးဟင်းရွက်အရောင်းဆိုင်များ ကျန်းမာရေးနှင့်အညီ ရောင်းချမှုရှိစေရေး စဉ်ဆက်မပြတ် စစ်ဆေးဆောင်ရွက်လျက်ရှိရာ ဩဂုတ်၂၅ရက်က ဦးစီးအရာရှိဦးကျော်စိုး၊ ဒုတိယဦးစီးမှူး (ဈေး) ဦးတင်ရှိန်နှင့် ဈေးဝန်ထမ်းများ နီလာဈေးအတွင်း အသား၊ငါး အရောင်းဆိုင်များနှင့် ဟင်းသီးဟင်းရွက်ဆိုင်များအား ကွင်းဆင်းစစ်ဆေးပြီး အသား၊ ငါးများအား ယင်လုံဆန်ခါဖြင့် ဖုံးအုပ်ရောင်းချရန် ကျန်းမာရေးနှင့်အညီ သန့်ရှင်းလတ်ဆတ်သော အသား၊ ငါးများ၊ ဟင်းသီးဟင်းရွက်များကိုသာ ရောင်းချကြရန် မှာကြားသည်။ **(မြို့နယ်စည်ပင်)**

# ဝန်ထမ်းကျင့်ဝတ်စည်းကမ်းများလိုက်နာ ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့များနှင့်ပူးပေါင်း ဥပဒေနှင့်အညီအကြံပေးဆောင်ရွက်သွားကြ

စစ်တွေ ဩဂုတ် ၁၅

**ရှေ့နေချုပ်နှင့် ပြည်နယ်၊ တိုင်း၊ ခရိုင်ဥပဒေအရာရှိများ၏ (၂၈)ကြိမ်မြောက်လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ၊ အတွေ့အကြုံ ထပ်ဆင့်ရှင်းလင်းပွဲကို စစ်တွေမြို့ရှိ ရခိုင်ပြည်နယ်ဥပဒေရုံး အစည်းအဝေးခန်းမ၌ ဇူလိုင်၂၁ရက် နံနက် ၈နာရီက ကျင်းပသည်။**

**တိတိကျကျဆောင်ရွက်**

အခမ်းအနားတွင် ပြည်နယ်ဥပဒေအရာရှိ ဦးအောင်မြင့်က ရှင်းလင်းဆွေးနွေးရာတွင် လုပ်ငန်းညှိနှိုင်း ရှင်းလင်းဆွေးနွေးပွဲ၌ ရှေ့နေချုပ်၏ မှာကြားချက်များဖြစ်သော ဥပဒေအရာရှိများသည် ပြဋ္ဌာန်းဥပဒေများကို နှံ့နှံ့စပ်စပ်ဖတ်ရှုထားရန်၊ အမှုလိုက်ပါဆောင်ရွက်မှု ကျွမ်းကျင်မှုရှိရန်၊ အကျင့်သိက္ခာနှင့် ပြည့်စုံသော ဝန်ထမ်းများဖြစ်ရန်၊ ဝန်ထမ်းကျင့်ဝတ်စည်းကမ်းများကို လိုက်နာစောင့်ထိန်းသွားရန်၊ ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများနှင့် ပူးပေါင်းလက်တွဲ ဆောင်ရွက်သွားရန်၊ ဥပဒေနှင့်အညီ အကြံပေးဆောင်ရွက် သွားကြရန်လိုကြောင်းစသည့် မှာကြားချက်များအတိုင်းတိတိကျကျ ဆောင်ရွက်သွားကြရန် မှာကြားသည်။

**ညှိနှိုင်းဆောင်ရွက်ပေး**

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသော ဥပဒေအရာရှိများက လုပ်ငန်းအခက်အခဲများ တင်ပြကြရာ ပြည်နယ်ဥပဒေအရာရှိက ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ဩဂုတ် ၁၂ ရက်က ရန်ကုန်မြို့ FMI City ပဒေသာပင် မြို့တော် ရွှေနှင်းဆီ(၁)လမ်း ဂျေ-၃၉ နေ ဦးဟန်ရှိန်-ဒေါ်အုန်းနု (ခ) ဒေါ်အေးအေးမင်း၊ Mr.Geen-ဒေါ်မင်းမင်းရှိန်၊ ဒေါ်စိန်မာဝေ၊ ဒေါ်သန်းသန်းဝင်း (စီမံ-၁၊ ငြိမ်း၊ ပြည်ထဲရေး ဝန်ကြီးဌာန)၊ ဒေါ်ဝင်းဝင်းရှိန်၊ မစန္ဒာရှိန်၊ (မောင်မင်းကိုဟန် (ခ) မောင်မင်းထွဋ်) မိသားစုက မြောက်ဥက္ကလာပ ပုပ္ပား(၂) မိုးကုတ်ရိပ်သာ နှစ်ထပ်တိုက်ကျောင်း ရေစက်ချ မင်္ဂလာကျင်းပပြီး ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)



# ညောင်တုန်း ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်စည်းဝေး၊ ဂုဏ်ပြုဆုချီးမြှင့်

ညောင်တုန်း စက်တင်ဘာ ၁

**မအူပင်ခရိုင် ညောင်တုန်းမြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း (၂၀၀၆)ခု နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးကို ညောင်တုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီခန်းမတွင် ဩဂုတ် ၂၉ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးဝင်းနောင် အမှာစကားပြောကြားသည်။**

**ဂုဏ်ပြုဆုချီးမြှင့်**

ထို့နောက် ညောင်တုန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူးဦးအောင်မြသန်းက လေးဘာသာဂုဏ်ထူးရှင် မခိုင်ဇာသွယ်**(အောက်ပုံ)**၊ သုံးဘာသာဂုဏ်ထူးရှင် မမြမြသင်း၊မမြသီတာငြိမ်း၊ မခင်သီတာစိုး၊ မဥမ္မာဦးနှင့် နှစ်ဘာသာဂုဏ်ထူးရှင် မောင်လမင်းပိုင်တို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ပြီး အလှူရှင်များက မြို့နယ် အသင်းအတွင်းရေးမှူးသို့ အလှူငွေများပေးအပ်ကြသည်။



**ကဏ္ဍအလိုက်တင်ပြ**

အခမ်းအနားအစီအစဉ်အရ သဘာပတိ မအူပင်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးဝင်းနိုင်ကျော်က အမှာစကားပြောကြားပြီး မြို့နယ် အသင်း၏ စည်းရုံးရေး အစီရင်ခံစာများကို အရန်မြို့နယ် အလုပ်အမှုဆောင် ဒေါ်ခင်စန္ဒာဝင်း၊ ဦးစိုးအောင်၊ ဦးမောင်ဆန်း၊ ဦးစိုးဝင်း၊ ဦးသောင်းတင်တို့က ကဏ္ဍအလိုက် တင်ပြကြပြီး မြို့နယ်အသင်းအတွင်းရေးမှူး ဦးအောင်မြသန်းက ဆုံးဖြတ်ချက်များနှင့် ပတ်သက်၍ အစည်းအဝေး၏ ဆန္ဒကိုရယူကာ အစည်းအဝေးက အတည်ပြုသည်။ **(ဝ၉၈)**



မိုးညှင်းမြို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ လုပ်ငန်းတာဝန်ခံ အငယ်တန်း အင်ဂျင်နီယာ-၂ ဦးကျော်ဇင်းသန်းဆောင်ရွက်လျက်ရှိသော ပြည်ထောင်စုလမ်းဆုံရှိ သံကူကွန်ကရစ်တံတား ဆောင်ရွက်မှုကို ဩဂုတ်၁၇ ရက်က ခရိုင်ဥက္ကဋ္ဌဒုတိယဗိုလ်မှူးကြီး အောင်ဒင်နှင့် မြို့နယ်ဥက္ကဋ္ဌ ဦးဇော်မင်းဟန်တို့ ကွင်းဆင်းကြည့်ရှု စစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

# အမြို့မြို့ အနယ်နယ် သတင်းများ

# ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှား

ကျောက်ကြီး ဩဂုတ် ၂၀

ကျောက်ကြီး မြို့နယ် ကျန်းမာရေး ဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်း၍ ၂၀၀၆ခုနှစ် ကျောင်းကျန်းမာရေး သီတင်းပတ် လှုပ်ရှားမှုများကို ဩဂုတ် ၁၄ရက်မှ ဩဂုတ် ၁၉ ရက်အထိ ဆောင်ရွက်ခဲ့ရာ ဩဂုတ် ၁၄ရက်ကကျောက်ကြီးမြို့ပဲခူးရပ်ကွက် မူလတန်းလွန်ကျောင်းတွင် ကျောင်းသူကျောင်းသား ၄၇၈ဦးတို့အား ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ကျန်းမာရေး ပညာပေးဟောပြောခြင်းနှင့် အာဟာရဖွံ့ဖြိုးရေးအတွက် ကြက်သားဆန်ပြုတ်တိုက်ကျွေးခြင်းများကို ပြုလုပ်ခဲ့ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

# ပင်းတယမြို့နယ် ပညာရေးမှူးဒိုင်း ကျောင်းပေါင်းစုံဘောလုံးယှဉ်ပြိုင် ဆုရအသင်းများ ဆုချီးမြှင့်

ပင်တယ ဩဂုတ် ၂၈

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်းတယမြို့နယ် ၂၀၀၆-၂၀၀၇ ပညာသင်နှစ် မြို့နယ်ပညာရေးမှူးဒိုင်း အခြေခံပညာကျောင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဩဂုတ် ၁၀ရက် နံနက် ၁၀နာရီက မြို့မအားကစားကွင်း၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ မြို့နယ်ပညာရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်စိုးနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးဝင်းကြည်နှင့် အသင်းဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မြစန်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူး ဒေါ်ခင်စန်းမြင့်နှင့် အခြေခံပညာကျောင်းပေါင်းစုံမှ ဆရာ ဆရာမများ၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်အားပေးကြသည်။

**ဆုချီးမြှင့်**

ပြိုင်ပွဲတွင် ပထမကျုံးဇုန်အသင်း၊ ဒုတိယ ရေချမ်းစင်ဇုန် အသင်း၊ တတိယ မိုင်းလိဇုန်အသင်းတို့ရရှိကြပြီး ဆုရအသင်းများအား မြို့နယ်ပညာရေးမှူး ဒေါ်ခင်စန်းမြင့်က ဆုများချီးမြှင့်ပေးကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# ကိုးဘွဲ့ရဆရာတော် စက်တင်ဘာ ဓမ္မသဘင်

ရန်ကုန် စက်တင်ဘာ ၄

စစ်ကိုင်းတောင်ရိုး ရွှေဟသ်ာတိုက်သစ်ကျောင်းတိုက်မှ နိုင်ငံတော်ဘွဲ့တံဆိပ်တော် ကိုးဘွဲ့ရဓမ္မ ကထိကဆရာတော် အရှင်အာစာရ လင်္ကာရ အရှင်မြတ်သည် စက်တင်ဘာ ၅ရက်ညတွင် ရွှေဘိုမြို့ ပွင့်လန်း ဓမ္မာရုံ အဖိတ်နေ့အထူးပွဲ၊ ၆ရက် ညနေ ၃နာရီနှင့် ည ၈နာရီတို့တွင် ရွှေဘိုမြို့ ရွှေတန်ဆာ ဘုရားဥပုသ်ပွဲနှစ်ပွဲ၊ ၇ရက် ည၈နာရီတွင် ရွှေဘို ရွှေတန်ဆာဘုရား အထူးပွဲ၊ ၉ရက် ညတွင် စစ်ကိုင်းမြို့ ထူပါရုံ ဘုရားပွဲ၊ ၁၁ရက်နှင့် ၁၂ရက်တို့တွင်ပြင်ဦးလွင်မြို့ပဒေသာပင်မြို့သစ် ရွှေစည်းခုံ တောရကျောင်း ဓမ္မာရုံအထူးပွဲ၊ ၁၄၊ ၁၅ရက် ည၈နာရီတို့တွင် ရွှေဘိုမြို့ရွှေတန်ဆာ ဘုရားဥပုသ်ပွဲနှင့်အတူပွဲနှစ်ပွဲ၊၁၆ရက် ညတွင် မုံရွာမြို့ စက်မှု ဇုန်ဒေသ ဆွမ်းလောင်းအောင်ပွဲ၊ ၁၇ရက် ညတွင် မုံရွာမြို့ မြို့လယ် ဆုတောင်းပြည့်ဘုရားရင်ပြင် ရွှေဒေါင်းယဉ် သင်္ကန်းတိုက်ပိုင်ရှင် ရဟန်းအမကြီး ဒေါ်ခင်ပု၏ မွေးနေ့အမှတ်တရ အထူးတရားပွဲ၊ ၂၃၊ ၂၄၊ ၂၅ရက်ညတွင် ကျောက်ပန်းတောင်းမြို့ပေါ် သာသနရက္ခိတ ဓမ္မာရုံ အထူးတရားပွဲ၊၂၇ရက်ညတွင် အမရပူရမြို့ ရွှေအိုးရ ရွှေဖားရ ကျောင်းတိုက်အတွင်း စေတီတော် နှစ်တစ်ရာပြည့် အထူးပွဲ၊ ၂၈ရက်ညတွင် ရွှေဘိုမြို့ ပွင့်လန်း ဓမ္မာရုံ အဖိတ်နေ့အထူးပွဲ၊ ၂၉ရက်ညနေ၃နာရီနှင့်ည၈နာရီတို့တွင် ရွှေဘိုမြို့ ရွှေတန်ဆာဘုရား ဥပုသ်ပွဲ နှစ်ပွဲ၌ တရားတော်များ ဟောကြားတော်မူမည်ဖြစ်သည်။

**ဆက်သွယ်နိုင်**

ဆရာတော်နှင့် ဆက်သွယ်လိုပါက ဖုန်း-၀၇၂-၂၂၁၇၀နှင့် ၀၉-၅၃၃၀၈၉၅ တို့သို့ တိုက်ရိုက် ဆက်သွယ်နိုင်ကြောင်းသိရသည်။**(က-ပ)**

**လက်ပံတန်း မြို့နယ် ငါးလုပ်ငန်း ဦးစီးဌာနမှ စပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ဩဂုတ် ၂၈ ရက်က လယ်သမားကြီး ဒေါ်ထားထားနွယ်၏ လယ်ဧက ၁၀၀ ၌ ကျင်းပရာ လက်ပံတန်းမြို့နယ် ဥက္ကဋ္ဌ ဦးချစ်သိန်း၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက ငါးကောင်ရေ ၇၀၀၀၀ ကို မိုးစပါးစိုက်ခင်းများသို့ စိုက်ထည့်ပေးစဉ်။**



(မြို့နယ် ပြန်/ဆက်)

# သာယာဝတီမြို့နယ်၌ စပါးခင်းအတွင်း ငါးမျိုးစိုက်ထည့်

သာယာဝတီ ဩဂုတ် ၃၀

သာယာဝတီမြို့နယ်၌ ခရိုင် ငါးလုပ်ငန်း ဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် စပါးခင်းများအတွင်း ငါးမျိုးများ စိုက်ထည့်ခြင်း အခမ်းအနားကို ဩဂုတ် ၂၉ ရက်က စိုက်ပျိုးရေးသိပ္ပံ ကျောင်းဝင်းအတွင်းရှိလယ်မြေ၌ ကျင်းပသည်။

အခမ်းအနားသို့ သာယာဝတီခရိုင် ငါးလုပ်ငန်း ဦးစီးဌာနမှူး ဦးစိန်မြင့်၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးသန်းအောင်၊ စိုက်ပျိုးရေး သိပ္ပံကျောင်း အုပ်ကြီး ဒေါ်မြမြဝင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဝင်များနှင့် မကြီးကွင်းကျေးရွာ အုပ်စုရှိ တောင်သူဦးကြီးများ တက်ရောက်ပြီး ငါးမျိုးများစိုက်ထည့်ပေးကြသည်။

**ငါးမျိုးစိုက်ထည့်**

သာယာဝတီမြို့နယ်တွင် ၂၀၀၆-၂၀၀၇ခုနှစ်အတွက် ငါးကောင်ရေ ၁၈၅၀၀၀ ကို ငါးမျိုးစိုက်ထည့်ပြီးဖြစ်ကြောင်း သိရသည်။ **(ခရိုင်/ပြန်ဆက်)**



ဩဂုတ်၂ ရက်က ပုသိမ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့အဝင်စိုက်ခင်း သုံးဧက၌ ခြံစည်းရိုး ကြက်ဆူပင်များ စိုက်ပျိုးထားရှိရာ အဖွဲ့ ဝန်ထမ်းများက ပေါင်းမြက်ရှင်းခြင်း၊ မြေပြုပြင် ခြင်းများ ဆောင် ရွက် မှု ကို ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးတင့် ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

# ပခုက္ကူမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ချို့တဲ့ကျောင်းသားများ ပညာသင်ထောက်ပံ့ကြေးပေးအပ်

ပခုက္ကူ ဩဂုတ် ၁၆

**ပခုက္ကူမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ပခုက္ကူမြို့ပေါ်ရှိ အခြေခံပညာ မူလတန်းကျောင်း ၂၅ကျောင်းရှိ ချို့တဲ့ကျောင်းသား ကျောင်းသူ ၆၂၅ဦးအတွက် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲကို ဩဂုတ် ၁၅ရက် မွန်းလွဲ ၁နာရီက ပခုက္ကူမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အခမ်းအနားသို့ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ချိုချိုဝင်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နန်းလှထွေးနှင့် အသင်းဝင်များ၊ ကျောင်းအုပ်ကြီးများနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

**ကျေးဇူးတင်စကား**

အခမ်းအနားတွင် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နန်းလှထွေးက ပညာသင်ထောက်ပံ့ကြေး ပေးအပ်ရခြင်းအကြောင်း ရှင်းလင်း ပြောကြားပြီး အခြေခံပညာ မူလတန်းကျောင်းများကိုယ်စား ကျောင်းအုပ်ကြီးတစ်ဦးထံ ငွေကျပ် ၃၃၇၅၀၀တန်ဖိုးရှိ ကျောင်းသုံးဗလာစာအုပ်နှင့် လက်ရေးလှစာအုပ်များကို ပေးအပ်ရာ ကျောင်းအုပ်ကြီးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ **(အောက်ပုံ)** **(၄၁၃)**



# မုံရွာခရိုင် အမျိုးသမီးရေးရာအဖွဲ့ တိုင်းရင်းသားရိုးရာအစားအစာချက်ပြုတ်ပွဲကျင်းပ

**မုံရွာ ဩဂုတ် ၁၅**

မုံရွာခရိုင်အမျိုးသမီးရေးရာအဖွဲ့ တိုင်းရင်းသားရိုးရာ အစားအစာ ချက်ပြုတ်ပွဲ အခမ်းအနားကို ဩဂုတ် ၅ ရက် မွန်းတည့် ၁၂နာရီက မုံရွာခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ခန်းမ၌ ကျင်းပသည်။

**အမှာစကားပြောကြား**

ရှေးဦးစွာ တိုင်းရင်းသားရိုးရာ ဓလေ့ဆိုင်ရာ ဟောပြောပွဲအခမ်းအနား ကျင်းပရာ တိုင်းအမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌ ဒေါ်စန်းမြင့်က အမှာစကားပြောကြားပြီး မုံရွာတက္ကသိုလ် မြန်မာစာဌာန တွဲဖက်ပါမောက္ခ ဦးထွန်းမောင်က တိုင်းရင်းသားရိုးရာ ဓလေ့ဆိုင်ရာများကိုလည်းကောင်း၊ မုံရွာပညာရေးကောလိပ် လက်ထောက်ကထိကဆရာ ဦးညိုထွန်းက ရှမ်းတိုင်းရင်းသားဘာသာ ယဉ်ကျေးမှု ဓလေ့ထုံးစံများကိုလည်းကောင်း အသီးသီး ပညာပေးဟောပြောခဲ့သည်။

**လက်ဆောင်ပစ္စည်းပေးအပ်**

ဆက်လက်ပြီး တိုင်းရင်းသားရိုးရာအစားအစာများကို ကူညီချက်ပြုတ်ပေးသော အမျိုးသမီးများအား မုံရွာခရိုင် အမျိုးသမီးရေးရာ အဖွဲ့နာယက ဒေါ်အေးအေးမြင့်၊ ခရိုင်အမျိုးသမီးရေး ရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြခင်နှင့် အဖွဲ့ဝင် ဒေါ်ဝါလွန်ကြင်တို့က လက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။

**လှည့်လည်ကြည့်ရှု**

ထို့နောက် တိုင်းအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန်းမြင့်နှင့် အဖွဲ့ဝင်များသည် တိုင်းရင်းသားရိုးရာ အစားအစာချက်ပြုတ်ပြသမှုကို လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။ **(ခရိုင် ပြန်/ဆက်)**

**ဩဂုတ် ၂၈ ရက်က နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းအောင် မွန်ပြည်နယ် လမိုင်းမြို့ရှိ လိမ္မော်ခြံ မူလတန်းလွန်ကျောင်းကို ကြည့်ရှုစစ်ဆေးစဉ်။** (နယ်စပ်စည်ပင်)



# အင်းတော်မြို့ လယ်ပြင်နှင့် မော်လူးအုပ်စု ပန်းတိုင်အထွက်နှုန်း တင်းတစ်ရာထွက်ရေး မိုးစပါးအထူးဇုန်များအဖြစ်သတ်မှတ်

အင်းတော် ဩဂုတ် ၁၆

**ကသာခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်အောင်၏ ကြီးကြပ်မှုဖြင့် အင်းတော်မြို့နယ်၏ မိုးစပါးစိုက်ပျိုးရေးလုပ်ငန်းတွင် လယ်ပြင်အုပ်စုနှင့် မော်လူးအုပ်စုများကို ပန်းတိုင်အထွက်နှုန်းတစ်ဧက စပါးတင်း ၁၀၀ ထွက်ရှိရေးအတွက် မိုးစပါးအထူးဇုန်များအဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိသည်။**

တက်ရောက်အားပေး

မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာ ဦးအောင်စိုးနှင့် ဝန်ထမ်းများ ကြီးကြပ်ကာ လယ်ပြင်အုပ်စု မိုးစပါးအထူးဇုန်ဧရိယာတွင် ဩဂုတ်၁၃ရက်က တောင်သူလယ်သမား ၁၀၀ ကျော်စုပေါင်း မြေဩဇာ ကြဲပက်ပွဲ ကျင်းပရာ ဒေသခံပြည်သူ ၅၀၀ကျော် တက်ရောက်အားပေးကြသည်။

အင်းတော်မြို့နယ်တွင် ၂၀၀၆-၂၀၀၇ ခုနှစ်တွင် မိုးစပါး ၄၄၁၇၀ ဧက စိုက်ပျိုးရန် လျာထားခဲ့ရာ ဩဂုတ် ၁၅ ရက်ထိ ၄၄၃၂၀ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။ (၁၃၃)

**တိုက်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးအတွင်းရေစီးရေလာကောင်းမွန်ရေးအတွက် ဩဂုတ် ၁၅ ရက်က ဈေးရုံများအလိုက် ဈေးသူဈေးသားများနှင့် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ စုပေါင်းရေမြောင်းတူးဖော်ဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးတင်ဝင်း ကြီးကြပ် ဆောင်ရွက်စဉ်။** (က-ပ)

# ဖန်းမော်မြို့ စိမ်းလန်းစိုပြည်ရေး အရှိန်အဟုန်မြှင့် ဗလမင်းထင်လမ်းတစ်လျှောက်ပန်းအလှပြုပြင်

**ဖန်းမော် ဩဂုတ် ၁၅**

ဖန်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ဖန်းမော်မြို့ စိမ်းလန်းစိုပြည်သာယာလှပရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ ဗလမင်းထင်လမ်းတစ်လျှောက် ပန်းအလှပင်များ စိုက်ပျိုးခြင်း၊ မြောင်းအလှပြုပြင်ခြင်းလုပ်ငန်းများကို အငယ်တန်းအင်ဂျင်နီယာ(၂) ဦးမျိုးအောင် ခေါင်းဆောင်သောအဖွဲ့က ဆောင်ရွက်လျက်ရှိရာ ဩဂုတ်၁၅ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကိုလတ်နှင့် အင်ဂျင်နီယာမှူး ဦးသိန်းတို့က ကွင်းဆင်း ကြပ်မတ်ဆောင်ရွက်ပေးကြောင်း သိရသည်။ **(အောက်ပုံ)** **(မြို့နယ်စည်ပင်)**

# နောင်တရားမြို့ အုပ်ချုပ်ရေးမှူးဖလား ဘောလုံးပြိုင်ပွဲ နောင်တရားလူငယ်(ခ)အသင်းဗိုလ်စွဲ

**နောင်တရား ဩဂုတ် ၂၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) နောင်တရားမြို့ တတိယအကြိမ် မြို့နယ်အုပ်ချုပ်ရေးမှူးဖလား ရပ်ကွက်နှင့် ကျေးရွာအုပ်စုပေါင်းစုံ ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲကို ဩဂုတ် ၁၂ရက် မွန်းလွဲ ၂နာရီက နောင်တရား အထက အားကစားကွင်း၌ ကျင်းပရာ နောင်တရား (ခ)လူငယ်အသင်းက ဆည်ခေါင်း(ခ)အသင်းအား သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။ (၃၆၉)



**အမြို့မြို့ အနယ်နယ် သတင်းများ**



5-9 (17).p65 1 9/5/06, 2:01 AM

# အပူပိုင်းဒေသ ရေရရှိရေးအပြင် အခြားပြည်နယ်၊ တိုင်းများမှ ကျေးရွာပေါင်း ၁၅၁၈၃ ရွာအနက် ကျေးရွာ ၈၄၉၀ သန့်ရှင်းသော သောက်သုံးရေရရှိရေး ဆောင်ရွက်ပေးနိုင်ခဲ့

**ရန်ကုန် စက်တင်ဘာ ၄**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေး ဒွါဒသမအကြိမ် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ယနေ့ညနေ ၃ နာရီက ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သံလျက်စွန်းလမ်းရှိ စည်ပင်သာယာရေးဦးစီးဌာန ရိပ်သာခန်းမဆောင်သစ်၌ ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်၍ အလှူငွေများလက်ခံပြီး အမှာစကားပြောကြားသည်။

**တက်ရောက်**

အခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ

စာမျက်နှာ ၃ ကော်လံ ၁ ●





**အမှာစကား ပြောကြား**

**မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် မန္တလေး–ရန်ကုန် အထူးအမြန် လူစီးရထားလိုင်းသစ် စတင်ပြေးဆွဲသည့် အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။**
(သတင်းစဉ်)

# နိုင်ငံတော်၏ပဟိုချက်မ နေပြည်တော်နှင့် နိုင်ငံအနှံ့သို့ ရထားလမ်းများ တိုးချဲ့ဆောင်ရွက်နေ စီးပွားရေးအချက်အချာဒေသနှစ်ခုအကြား ကုန်စည်စီးဆင်းမှု ပိုမိုအဆင်ပြေစေရေး ဆောင်ရွက်ပေးလျက်ရှိ ခရီးသွားလာမှု ပိုမိုလွယ်ကူသက်သာစေရေး မန္တလေး–ရန်ကုန် အထူးအမြန်လူစီးရထား စတင်ပြေးဆွဲ



**နေပြည်တော် စက်တင်ဘာ ၄**

ရန်ကုန်နှင့် မန္တလေး ကူးသန်းသွားလာနေကြသော ရထားစီးခရီးသည်များ တိုးတက်များပြားလာသည့်အလျောက် ခရီးသွားလာမှု ပိုမိုအဆင်ပြေ လွယ်ကူသက်သာစေရေးအတွက် ရထားပို့ဆောင်ရေးဝန်ကြီးဌာန၏ အစီအစဉ်ဖြင့် မန္တလေး–ရန်ကုန် အထူးအမြန်လူစီးရထားလိုင်းသစ် စတင်ပြေးဆွဲသည့်အခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီခွဲက မန္တလေးဘူတာကြီးစင်္ကြံအမှတ်(၁)၌ ကျင်းပရာ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းတို့ တက်ရောက်အားပေး ချီးမြှင့်ကြပြီး ခရီးသွားပြည်သူများအား အထူးအမြန်ရထား စတင်ပြေးဆွဲခြင်း အထိမ်းအမှတ်လက်ဆောင်များကို ပေးအပ်ကြသည်။ စာမျက်နှာ ၁၁ ကော်လံ ၁ ✡

**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်းတို့ ရန်ကုန်–မန္တလေး အထူးအမြန်လူစီးရထားကို ကြည့်ရှုစစ်ဆေးကြစဉ်။** (သတင်းစဉ်)

# ရန်ကုန်–မန္တလေးအထူးအမြန် လူစီးရထားစတင်ပြေးဆွဲ ရန်ကုန်မှညနေ ၅နာရီနှင့် မန္တလေးမှ ညနေ ၄နာရီ ၁၅မိနစ် ထွက်ခွာ လမ်းတစ်လျှောက် ပျဉ်းမနားဘူတာ၌သာ ခေတ္တရပ်တန့်မည်

**ရန်ကုန် စက်တင်ဘာ ၄**

ရထားပို့ဆောင်ရေးဝန်ကြီးဌာန၏ ရန်ကုန်–မန္တလေးအထူးအမြန် လူစီးရထားစတင်ပြေးဆွဲခြင်း အခမ်းအနားကို ယနေ့ညနေ ၄နာရီတွင် ရန်ကုန်ဘူတာကြီး စင်္ကြံအမှတ်(၁)၌ ကျင်းပသည်။

**ပက်ဖျန်းပေး**

ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း၊

စာမျက်နှာ ၁၁ ကော်လံ ၄ ✻

**ရန်ကုန်မြို့ ဗိုလ်ချုပ်ဈေးအရှေ့ဘက်တန်း မြန်မာ့ရိုးရာ ပန်းပညာရှင်များအစည်းအရုံး (ဗဟို)၌ စက်တင်ဘာ ၉ ရက်အထိ ခင်းကျင်းပြသလျက်ရှိသော 'စုတ်ချက်များစုစည်းမှု' ပန်းချီပြပွဲမှ ပန်းချီမောင်ဦး၏ လှေဆိပ်အမည်ရှိ ရေဆေးပန်းချီကား။**
(မောင်မောင်မြင့်ဆွေ၏ သတင်းဆောင်းပါး စာ–၇)



5-9 (20) 1 9/5/06, 2:01 AM